
စိတ်ကူးချိုချိုအနုပညာ

# အိန္ဒိယနှင့်သီဟိုဠ်

## ဘုရားဖူးမှတ်တမ်း


လယ်တီအရှင်ကုလိသ မှတ်တမ်းပြုသည်။



ပြန်လည်ရိုက်နှိပ်ပူဇော်ခြင်း

mgyoe.com

mgyoe.com



# အိန္ဒိယနှင့်သီဟိုဠ

## ဘုရားဖူးမှတ်တမ်း

လယ်တီအရှင်ကုလိသ မှတ်တမ်းပြုသည်။

ISBN 9789997110206
ANB 104
9 789997 110206
1,800.00KS

mgyoe.com

အိန္ဒိယနှင့်သီဟိုဠ်ဘုရားဖူးမှတ်တမ်း။ အရှင်ကုလိသ
စာမျက်နှာ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး။ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း။ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း။ ရန်ကင်း။
၂၀၁၈၊ အောက်တိုဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း။ အုပ်ရေ ၅၀၀၊
၁၉၅၈ ထုတ် ပထမအကြိမ်မူ။

ရောင်းဈေး ၁ ၈ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# အိန္ဒိယနှင့်သီဟိုဠ် ဘုရားဖူးမှတ်တမ်း (၁၃၂၀ ပြည့်နှစ်ကာလ)

အရှင်ကုလိသ

မြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၁

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ကျေးဇူးတင်ခြင်း

အဃောကပိလာဓာတ်ပုံနှင့် ဆန်ချိစေတီတော်ဓာတ်ပုံ နှစ်ပုံမှတစ်ပါး ကျန်သောဓာတ်ပုံများကို မန္တလေးမြို့ စကုတိုက် ရန်ကုန်ကျောင်း "ဆရာတော် ဦးသုစရိတ" က ကူညီသဖြင့် အထူးကျေးဇူးတင်ကြောင်းကို ဤစာအုပ်တွင် ဖော်ပြလိုက်သည်။

၀

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


- ဆောင်ရွက်သူ၏ အကြောင်းပြချက် က
- စာရေးသူ၏ မှာထားချက် ဂ
- အိန္ဒိယနှင့် သီဟိုဠ် ဘုရားဖူးမှတ်တမ်း ဆောင်ရွက်ဖွယ်ရာ အဖြာဖြာ င

## အိန္ဒိယနိုင်ငံ

| | | |
|---|---|---|
| ၁။ | ရန်ကုန်မှ ကာလကတ္တား | ၃ |
| ၂။ | ကာလကတ္တားမှ ဂယာ | ၁၃ |
| ၃။ | ဂယာမှ ဗုဒ္ဓဂယာ | ၁၅ |
| ၄။ | ဗုဒ္ဓဂယာမှ ရာဇဂြိုဟ် | ၂၀ |
| ၅။ | ရာဇဂြိုဟ်မှ နာလန္ဒ | ၂၃ |
| ၆။ | ရာဇဂြိုဟ်မှ ပတ္တနား | ၂၈ |
| ၇။ | ပတ္တနားမှ ဗာရာဏသီ | ၃၁ |
| ၈။ | ဗာရာဏသီမှ မိဂဒါဝုန် | ၃၃ |


mgyoe.com

mgyoe.com

၉။ ဗာရာဏသီမှ ဒေယိုးရိုးယား ၃၇
၁၀။ ဒေယိုးရိုးယားမှ ကုသိနာရုံ ၃၈
၁၁။ ကုသိနာရုံမှ ဂေါရပ္ပူရ် ၄၃
၁၂။ ဂေါရပ္ပူ(ရ်)မှ နောင်ဂါး ၄၅
၁၃။ နောင်ဂါးမှ လုမ္ဗိနီ ၄၈
၁၄။ နောင်ဂါးမှ ဘာရမ်ပူ(ရ်) ၅၄
၁၅။ ဘာရမ်ပူ(ရ်)မှ သာဝတ္ထိ ၅၆
၁၆။ ဘာရမ်ပူ(ရ်)မှ လက်ကနောင် ၅၉
၁၇။ လက်ကနောင်မှ ပခနာ ၆၂
၁၈။ ပခနာမှ သင်္ကဿ ၆၄
၁၉။ ပခနာမှ အဂရာ ၆၈
၂၀။ အဂရာမှ နယူးဒေလီ ၇၀
၂၁။ နယူးဒေလီမှ ဆန့်ချီ ၈၂
၂၂။ ဆန့်ချီမှ ဂျူလဂေါင်း ၈၅
၂၃။ ဂျူလဂေါင်းမှ အဂျန္တာ ၈၆
၂၄။ ဂျူလဂေါင်းမှ မန်းမ(ဒ်) ၈၈
၂၅။ မန်းမ(ဒ်)မှ ဩရင်ဂဘက် ၈၉
၂၆။ ဩရင်ဂဘက်မှ အေလိုရာ ၉၁
၂၇။ မန်းမ(ဒ်)မှ ဘုံဘေ ၉၃
၂၈။ ဘုံဘေမှ ကနေရီဂူများ ၉၅
၂၉။ ဘုံဘေမှ မဒရပ်(စ်) ၉၇
၃၀။ မဒရပ်(စ်)မှ ဒန်နုရှကိုဒိ ၁၀၀

mgyoe.com

mgyoe.com

## သိဟိုဠ်ကျွန်း


| | | |
|---|---|---|
| ၁။ | ဒန်နုရှကိုဒီမှ တလိုင်းမင်းနား | ၁၀၅ |
| ၂။ | တလိုင်းမင်းနားမှ ကိုလံဘို | ၁၀၆ |
| ၃။ | ကိုလံဘိုမှ အနုရာဓပူရ | ၁၀၈ |
| ၄။ | အနုရာဓပူရမှ နာဂဒီပကျွန်း | ၁၀၉ |
| ၅။ | အနုရာဓပူရမှ ကန္ဒီ | ၁၁၁ |
| ၆။ | ကန္ဒီမှ မဟိယင်္ဂဏ | ၁၁၆ |
| ၇။ | ကန္ဒီမှ စေတီပါဒ | ၁၁၉ |
| ၈။ | စေတီပါဒမှ ကိုလံဘို | ၁၂၃ |
| ၉။ | ယမုနာရိပ်သာ | ၁၂၅ |
| ၁၀။ | မြတ်စွယ်တော် | ၁၂၈ |
| ၁၁။ | မြတ်တရားတော် ဟောဖော်ညွှန်ပြ | ၁၃၁ |
| ၁၂။ | သိဟိုဠ်ကျွန်းမှာ သိစရာ | ၁၃၄ |
| ၁၃။ | ကျွန်းသိဟိုဠ်မှ မြို့ရန်ကုန် | ၁၃၆ |


၀

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဆောင်ရွက်သူ၏ အကြောင်းပြ

ဤ 'အိန္ဒိယနှင့်သီဟိုဠ် ဘုရားဖူးမှတ်တမ်း' သည် အလေးအပေါ့ညီသောဟင်းနှင့် ထမင်းစားရသကဲ့သို့ ဖတ်၍ အရသာရှိလှ၏။ အိန္ဒိယနိုင်ငံနှင့် သီဟိုဠ်ကျွန်းတို့တွင် တစ်ဌာနမှ တစ်ဌာနသို့ သွားသောအခါ၌ ခရီးမိုင် မည်မျှ ဝေးကွာသည်၊ မည်သည့်ယာဉ်နှင့်သွားရသည်၊ စရိတ် မည်၍မည်မျှ ကုန်ကျသည်၊ ဘာတွေကြည့်ရှုရ ဖူးမြော်ရသည် စသည်ဖြင့် ပြည့်စုံစွာဖော်ပြထားသောကြောင့် မှတ်သားဖွယ်ရာ ကောင်းလှသည်။ ၎င်းပြင် မြင်ကွင်းတစ်လျှောက်၌တွေ့ကြုံရသော အရာဝတ္ထုများကို စိုစိုပြည်ပြည် ဝေဝေဆာဆာဖြစ်အောင် ရေးသားထားသောကြောင့်လည်း ဖတ်ရှုရာ၌ စိတ်ဝင်စားစရာ ကောင်းလှသည်။ ထိုမျှသာမကသေး၊ ကိုယ်တိုင် ပျော်ရွှင်စွာသွားနေရဘိသကဲ့သို့လည်း မှတ်ထင်တော့၏။

ဤမှတ်တမ်းကို စာအုပ်အဖြစ်သို့ မရောက်သေးခင်က ပဟိုရ်စည်သတင်းစာ၌ အစမှအဆုံးတိုင်အောင် အပြည့်အစုံ ဖော်ပြခဲ့ပြီးဖြစ်၍လည်း အထူးချဲ့ထွင်ပြီး အမွှမ်းတင်နေရန်

mgyoe.com

mgyoe.com



လိုတော့မည်မဟုတ်ပေ။

ဘုန်းကြီးသည် လွန်ခဲ့သော အချိန် ၁၃၂၀ ပြည့်၊ ပြာသိုလက အိန္ဒိယနိုင်ငံနှင့် သီဟိုဠ်ကျွန်းသို့ ဘုရားဖူး သွား ရောက်ခဲ့သည်။ သို့ရာတွင် ဤမှတ်တမ်းလောက်ကား မစုံ လင်ခဲ့ပေ။ သို့အတွက် စုံလင်စေ၍ တိုတိုနှင့် ပြည့်ဝ လုံလောက်သော ဤမှတ်တမ်းကို စာအုပ်အဖြစ်သို့ရောက် အောင် ဘုန်းကြီးက ဂရုစိုက်လျက် ဆောင်ရွက်လိုက်ရ တော့သည်။

၁၃၂၀ ပြည့်နှစ်
တပို့တွဲလပြည့်ကျော် ၇ ရက်

အရှင်ဉာဏဝံသ
ရေသဖန်းဆရာတော်
စဉ့်ကိုင်မြို့

ဝ

mgyoe.com

mgyoe.com



## စာရေးသူ၏ မှာထားချက်

၂၅၀၀ သာသနာတစ်ဝက်အချိန်၌ ဗုဒ္ဓ၏အယူဝါဒကို လိုက်နာကျင့်သုံးကြသော တိုင်းပြည်များတွင် ဗုဒ္ဓဇယန္တီပွဲများ ပြုလုပ်ကြ၏။ အိန္ဒိယနိုင်ငံနှင့် သီဟိုဠ်ကျွန်းတို့တွင် အထူးအားဖြင့် ပြုလုပ်ကြသည်။ ထိုတွင် အိန္ဒိယနိုင်ငံ၌ ၁၉၅၆ ခုနှစ် မေလမှ အစပြု၍ ၁၉၅၇ ခု မေလ အထိ တစ်နှစ်လုံးလုံး ကျင်းပခဲ့ကြသည်။

အိန္ဒိယနိုင်ငံ ဗုဒ္ဓဇယန္တီပွဲတော်သို့ အတိုင်းတိုင်းအပြည်ပြည်မှ သွားရောက်ကြ၍ ဗုဒ္ဓဌာနများနှင့် ရှေးဟောင်းယဉ်ကျေးမှုဌာနများကို ဖူးမြော်ကြည့်ရှုကြသည်။ တိဘက်နိုင်ငံမှ လူဦးရေ လေးသိန်းကျော်၊ သီဟိုဠ်ကျွန်းမှ လူဦးရေ တစ်သိန်းကျော်နှင့် မြန်မာနိုင်ငံမှ လူဦးရေ နှစ်သောင်းကျော် တို့ သွားရောက်ကြသည်။

ကျွန်ုပ်လည်း အိန္ဒိယနိုင်ငံနှင့် သီဟိုဠ်ကျွန်းသို့ သွားရောက်ခဲ့၏။ လှည့်လည်ခဲ့၏။ ဖူးမြော်ကြည့်ရှုခဲ့၏။ ယင်းသို့ သွားရောက်လှည့်လည် ဖူးမြော်ကြည့်ရှုခဲ့ရသော အတွေ့

mgyoe.com

mgyoe.com



အကြံ့ ဗဟုသုတများကို မှတ်တမ်းပြု၍ သွားဖူးသူများလည်း ပြန်လည်ပြီး အာရုံပြုနိုင်ကြရန်လည်းကောင်း၊ နောင် သွားလို သူများလည်း အလွယ်တကူ သွားရောက်နိုင်ကြရန်အပြင် မသွားသေးခင်က သွားရဘိသကဲ့သို့ ကြိုတင် သိရှိနေနှင့် ကြရန်လည်းကောင်း ရည်သန်လျက် ဤ 'အိန္ဒိယနှင့် သီဟိုဠ် ဘုရားဖူးမှတ်တမ်း' ကို ပြုလိုက်ရတော့သည်။

အိန္ဒိယနိုင်ငံနှင့် သီဟိုဠ်ကျွန်းသို့ ဘုရားဖူးနှင့် အလည် အပတ် သွားကြပါက ဤမှတ်တမ်းကို လက်ကိုင်ပြု၍သွား ကြလျှင် ဤမှတ်တမ်းက သွားသောသူများအား အကူအညီ အထောက်အပံ့များစွာ ပေးလိမ့်မည်ဟု ယုံကြည်ကြောင်းကို မှာထားချက်စကား ရေးသားလိုက်ရသည်။

၁၃၂၀ ပြည့်နှစ် | အရှင်ကုလိသ
နတ်တော်လဆုတ် ၇ ရက်

○

mgyoe.com

mgyoe.com



# အိန္ဒိယနှင့် သီဟိုဠ် ဘုရားဖူးမှတ်တမ်း ဆောင်ရွက်ဖွယ်ရာ အဖြာဖြာ

အချိန်ကား ၁၃၁၈ ခုနှစ် နတ်တော်လဆုတ် ၇ ရက်နေ့၏ နံနက် ခင်း ဖြစ်တော့၏။

အိန္ဒိယနှင့် သီဟိုဠ်ကျွန်းသို့ ဗုဒ္ဓဇယန္တီ ပွဲတော်တွင် ဘုရားဖူးသွားလိုကြသော ကျွန်ုပ်နှင့် စစ်ကိုင်းခရိုင် ရွှေပြည့်ရှင်ကျွန်း ဆရာတော် ဦးသုန္ဒရတို့သည် ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ရောက်ရှိနေကြ၍ ယောဂီဟောင်းကြီး ဦးအုန်းမောင်အား နိုင်ငံခြားသို့သွားလိုကြသော သူတို့၏ ထုံးစံရှိသည့်အတိုင်း အစဉ်လိုက်ဆောင်ရွက်ကြရမည့် ကိစ္စရပ်များကို ဆောင်ရွက်ရန် တာဝန်များလွှဲအပ်ကြသည်။

ပတ်(စ်)ပို့စ် လျှောက်လွှာတောင်းယူရခြင်း၊ ဖြည့်စွက်စရာများကို ၎င်းလျှောက်လွှာတွင် ဖြည့်စွက်ရခြင်း၊ ၎င်းလျှောက်လွှာကို သက်ဆိုင်ရာရုံးသို့ ပို့လိုက်ရခြင်း၊ ပတ်(စ်)ပို့စ် ရရှိသောအခါ မိမိတို့သွားလိုသော နိုင်ငံ၏ သံရုံးသို့ သွားရောက်၍ ဗီဇာလုပ်ရခြင်း၊ ဆေးထိုးလက်မှတ် ယူရခြင်း၊ ဘဏ်တိုက်တွင် ငွေသွင်းရခြင်း၊ ရဲထွက်ခွင့် တောင်းယူရခြင်း

mgyoe.com

mgyoe.com



နှင့် ယာဉ်လက်မှတ် ဝယ်ယူရခြင်း စသောကိစ္စရပ်များ ဖြစ်ကြသည်။

ဦးအုန်းမောင်က အထက်ပါကိစ္စရပ်များကို အစအဆုံး ဆောင်ရွက်ပေးသည်။ ကျွန်ုပ်တို့ကား ရိပ်သာမှထိုင်လျက် ဦးအုန်းမောင် ယူဆောင်လာသော စာရွက်၊ စာတမ်းများကိုသာ ဖြည့်စွက်ခြင်း၊ လက်မှတ်ထိုးခြင်းနှင့် တစ်ကြိမ်တွင် စတိတ်ကော်မာရှယ်ဘဏ်သို့ ကိုယ်တိုင်လိုက်၍ ချက်တွင် လက်မှတ်ထိုးလျက် ယူဆောင်ခဲ့ရခြင်းတို့သာ ဖြစ်၏။

အထူးတစ်ခုမှာ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဇယန္တီပွဲတော်အတွက် ပြည်တွင်း၌ တစ်ဝက်ခရအောင် အိန္ဒိယသံရုံးသို့ သွားရောက်၍ ဧည့်သည်တော်လက်မှတ် တောင်းယူရသေးခြင်း ဖြစ်၏။

ကျွန်ုပ်တို့သည် အဆိုပါကိစ္စရပ်များကို ဆောင်ရွက်နေစဉ်အတွင်း၌ သီဟိုဠ်ကျွန်း ကိုလံဘိုမြို့ ယမုနာရိပ်သာမှ အင်္ဂလိပ်မကြီး ရှရီနိစ်ခနှင့် သူ့သမီး (သီဟိုဠ်ကပြားမ) ဂီတာတို့သည် ဤသာသနာ့ရိပ်သာသို့ ရောက်ရှိလာကြသည်။ သူတို့ သားအမိနှစ်ယောက်တို့သည် ယောဂီအဝတ်ကို အမြဲဝတ်ကြလျက် ဗုဒ္ဓဘာသာ တရားဘက်၌ အသားတက်၍ နေကြသည်မှာ ချီးမွမ်းအံ့သြစရာ ကောင်းလှတော့၏။

သူတို့ သားအမိနှစ်ယောက်နှင့် ကျွန်ုပ်သည် လေးငါးခါလောက် တွေ့ဆုံဖူးပြီဖြစ်၍ အတော်ကလေး ရင်းနှီးသွားပေပြီ။ သို့ဖြစ်ရကား တစ်နေ့သော ညနေခင်းတွင် သူတို့သားအမိနှစ်ယောက်တို့သည် ကျွန်ုပ်ထံသို့ လာရောက်ကြ၍ "ဒီစာကို အစ်ကို ရန်ဂျစ်ကို ပေးပါ။ ဒီလွယ်အိတ်ကလေးတွေ

mgyoe.com

mgyoe.com



ကိုလည်း သူ့ကိုပဲပေးပါ။ ဟောဒီဆပ်ပြာနဲ့ မျက်နှာသုတ်ပဝါကိုတော့ အရှင်ဘုရား အသုံးပြုပါ" ဟု ဂီတာက မပီကလာ ပီကလာ နှင့် မြန်မာလို ပြောရှာ၍ပေး၏။

"ယမုနာကို သွားပါ၊ အစ်ကို ရန်ဂျစ် ရှိပါတယ်။ အစ်ကိုက သဘောကောင်းပါတယ်၊ သွားဖြစ်အောင် သွားပါ" ဟု ဂီတာကပင် ဆက်၍ ပြောပြန်သည်။

"ကောင်းပြီ သွားမယ်၊ ရောက်အောင်သွားမယ်" ဟု ကျွန်ုပ် ကလည်း ဝမ်းမြောက်ဝမ်းသာ ပြန်၍ပြောသည်။

ရန်ဂျစ်ထံသို့ ပေးသောစာ၏ အဓိပ္ပာယ်မှာ "ယခု ကြွလာသော ဆရာတော်သည် မနှစ်က ယမုနာရိပ်သာသို့ ကြွလာဖူးသော ရွှေစေတီဆရာတော်၏ တပည့်ရင်း ဦးကုလိသဖြစ်ကြောင်း၊ တရားဟောကောင်းကြောင်း၊ လူကြီးများနှင့် ဆက်သွယ်ပေးရန် အကြောင်းနှင့် တရားပွဲများ ပြုလုပ်၍ နာယူကြရန်အကြောင်း" စသည်တို့ ဖြစ်သည်။

ယနေ့ပင် ဟံသာဝတီ သတင်းစာတိုက်မှ ကိုကျော်ဝင်းနှင့် အဆင်သင့်တွေ့ရှိ၍ "ကျွန်ုပ်တို့ မည်သည့်နေ့ရက်က အိန္ဒိယနိုင်ငံနှင့် သီဟိုဠ်ကျွန်းသို့ ဘုရားဖူးထွက်ခွာသွားကြပြီဖြစ်ကြောင်း" ကို သတင်းစာတွင် အထည့်ခိုင်းလိုက်သေး၏။

၀

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အိန္ဒိယနိုင်ငံ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ရန်ကုန်မှ ကာလကတ္တား

နံနက်ခင်းတွင် ဆီးနှင်းတွေ ဝေနေသည်။ ထိုနေ့ကား ကျွန်ုပ်တို့ အိန္ဒိယနိုင်ငံသို့ သွားကြရတော့မည့် ပြာသိုလဆုတ် ၇ ရက် ၂၂–၁– ၅၇ နေ့ ဖြစ်သည်။

သာသနာ့ရိပ်သာမှ လွိုင်ကော်သို့ ကြွရန်ဖြစ်သော ဆရာတော် ဦးသုဇာတနှင့် ကျွန်ုပ်တို့သည် တစ်ပေါင်းတည်း ရိပ်သာမှ နံနက် ၅ နာရီလောက်တွင် မင်္ဂလာဒုံလေဆိပ်သို့ ထွက်လာခဲ့ကြသည်။ လိုက်၍ ပို့ကြသော ရဟန်းတော်များနှင့် လူများ တော်တော်များပေ၏။

လေဆိပ်စားသောက်ခန်း၌ ထိုင်မိကြသောအခါ ဒေါ်အေးကြည် နှင့် သူ့သမီး မတင်အေး၊ ရှရီနိုစံခနှင့် သူ့သမီး ဂီတာ၊ ဒေါ်ဟေမာရီနှင့် သူ့တူမကလေးများဖြစ်ကြသော အတီနှင့် မြမြတို့၊ ၎င်းပြင် ရိပ်သာ စာရေးကြီး ဦးဟန်တို့က အသင့်ပါလာသော စားသောက်ဖွယ်ရာများကို သံဃာတော်များအား ကပ်လှူနေကြသည်။

အချိန် ၇ နာရီလောက်တွင် ကျွန်ုပ်တို့အပါအဝင် ခရီးသည်များ ကို ကာစတန်ရုံးခန်းထဲသို့ သက်ဆိုင်ရာမှ ခေါ်၍သွားကြသည်။ ဤတွင် လိုက်၍ပို့ကြသောသူများနှင့် ကျွန်ုပ်တို့သည် ခွဲခွာခဲ့ကြရပြီ။



mgyoe.com

mgyoe.com



ကာစတန်ရုံးထဲသို့ ရောက်ကြသောအခါ ကျွန်ုပ်တို့ ပါသွား သော ပစ္စည်းများကို ကာစတန်များက ထုံးစံအတိုင်း ရှာဖွေစစ်ဆေးကြသည်။ နောက် စစ်ဆေးပြီးကြောင်း မြေဖြူခဲဖြင့် တောင်ခြစ်၊ မြောက်ခြစ် အမှတ်အသား အခြစ်ကလေးများကို ခြစ်၍ ပေးလိုက်ကြသည်။ နောက် စားသောက်ခန်းတစ်ခုပေါ်သို့ တစ်ဖန် ခေါ်လျက် ကော်ဖီတစ်ခွက်စီ ပေးနေပြန်၏။ ကော်ဖီတစ်ခွက်စီပေးခြင်းသည် ဆီးနှင်းတွေ ဝေနေ၍ လေယာဉ်ပျံ မပျံနိုင်သေးသောကြောင့် ဖြစ်တော့သည်။

အိန္ဒိယသို့ လေယာဉ်ပျံ ပျံနေကျ ထုံးစံမှာ နံနက် ၇ နာရီနှင့် ၁၅ မိနစ်ဖြစ်သော်လည်း ယနေ့နံနက်ခင်း အခြေအနေမှာ ဆီးနှင်းတွေ ဝေနေသောကြောင့် ၇ နာရီခွဲသော်တောင်မှ မပျံနိုင်သေးပေ။

တဖြည်းဖြည်းနှင့် အချိန်မှာ ၈ နာရီ ရှိသွားလေပြီ။ ဆီးနှင်းတွေလည်း ကွေကျလျက် မြေခကုန်ကြပြီဖြစ်သောကြောင့် ကြည်လင်သော မိုးကောင်းကင်ကို မြင်နေကြရပြီ။ ကျွန်ုပ်တို့လည်း လေယာဉ်ကွင်းထဲသို့ ဆင်းကြရတော့၏။ လေယာဉ်မယ်တစ်ဦးက အပေါက်မှဆီး၍ ခရီးသည်များ၏ ပတ်(စ်)ပို့စ်များကို သိမ်းယူပြီး "ကာလကတ္တား လေဆိပ်ကျမှ ပြန်ပေးမယ်" ဟု ပြောသည်။

လေယာဉ်ပေါ်သို့ တက်ရောက်ကြကာ အသီးသီး ကိုယ့်နေရာကိုယ် ယူလိုက်ကြတော့သည်။ ကျွန်ုပ်တို့ တက်ရောက်နေသော လေယာဉ်သည် မြန်မာပိုင် (ယူ–ဘီ–အေ) ဖြစ်တော့၏။ မကြာမီ စက်နှိုးတော့သည်။ ပန်ကာများ လည်နေပြီ။ လေယာဉ်လည်း လှုပ်ရှား၍နေတော့၏။ လေယာဉ်စက်ခန်း အဝင်တံခါးပေါက် အထက်နားတွင် မီးနီစာတန်းကလေး ပေါ်နေသည်။ "ဆေးလိပ် မသောက်ရ၊ ခါးပတ်ပတ်ထားပါ" ဟူ၍ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် သတိပေးထား၏။

ကျွန်ုပ်တို့သည် ဆေးလိပ်သောက်နေသူများ မဟုတ်ကြသဖြင့်

mgyoe.com

mgyoe.com


ဆေးလိပ်အတွက် သတိပေးခြင်းကို အထူး ရှောင်ကြဉ်ကြရန် မလိုသော်လည်း ခါးပတ်ကိုကား ပတ်လိုက်ကြရသေး၏။

လှုပ်ရှားနေသော လေယာဉ်သည် မကြာခင်အတွင်း အရှိန်ယူ၍ကောင်းကင်ယံသို့ ပျံတက်လိုက်လေပြီ။ ကောင်းကင်ထက်၌ ငြိမ်သက်စွာပျံသန်းနေသော အခါ၌မူ ကော်ဖီတစ်ခွက်၊ ငှက်ပျောသီး တစ်လုံးနှင့်ကိတ်မုန့်တစ်ချပ်ကို လူတစ်ယောက်က လာရောက်၍ ပေးသွားသည်။ မုန့်နှင့် ငှက်ပျောသီးကိုစား၍ ကော်ဖီကို သောက်ပြီးသောအခါ လေယာဉ်စီးသည့် ခရီးသည်များကို ဂရုစိုက်၍ ကြည့်လိုက်မိသည်။ မြန်မာလူမျိုးဟူ၍ ကျွန်ုပ်နှင့် ဦးသုန္ဒရ နှစ်ပါးတည်းသာဖြစ်ပြီး ကျန်လူများမှာ အိန္ဒိယလူမျိုးများ ဖြစ်ကြသည်။

အချိန် ၂ နာရီလောက်ကြာသောအခါ တော၊ တောင်နှင့် ပင်လယ်ကမ်းခြေတို့ကိုဖြတ်ကျော်လျက် စစ်တွေသို့ ခေတ္တကျဆင်းလေ၏။ တစ်ဖန် ပြန်တက်၍ ငြိမ်သက်နေသောအခါ ဒေါ်ဟေမာရီ၊ ဒေါ်အေးကြည်တို့က ချက်ပြုတ်ကြော်လှော်၍ လှူဒါန်းလိုက်ကြသော ဆွမ်းချိုင့်ကိုဖွင့်၍ ဘုဉ်းပေးစ ပြုကြတော့၏။

ထိုအတွင်း၌ လေယာဉ် အလုပ်သမားတစ်ယောက်က လာရောက်၍ စာရွက်တစ်ရွက်ပေးပြီး လက်မှတ်အထိုးခိုင်းသည်။ ထို့ကြောင့်ပတ်(စ်)ပို့စ်ထဲတွင် ထိုးခဲ့ကြသော ကိုယ်တိုင်လက်မှတ်များအတိုင်း အသီးအသီး ထိုးလိုက်ကြရတော့သည်။ မရှေးမနှောင်းပင် လူတစ်ယောက်ကလာရောက်၍ စက္ကူသေတ္တာကလေး တစ်လုံးစီ ပေးသည်။ ဖွင့်၍ကြည့်လိုက်သောအခါ ပေါင်မုန့်၊ ကိတ်မုန့်၊ ကြက်ဥပြုတ်၊ အာလူးပြုတ်၊ လိမ္မော်သီး၊ ကြက်ပေါင်နှပ်၊ ဆလတ်ရွက်၊ ခရမ်းချဉ်သီးနှင့် သခွားသီးစိတ်တို့ ဖြစ်ကြ၏။

စက်သံသာ ကြားနေရသည်။ လေယာဉ်ကား ပြေးနေသည်ဟု

mgyoe.com

mgyoe.com


မထင်ရ။ အိမ်ပေါ်၊ ကျောင်းပေါ်၌ ထိုင်နေရသကဲ့သို့ပင် ငြိမ်သက်နေတော့သည်။ တော၊ တောင် အထပ်ထပ်ကို မြင်နေရသည်။ ပင်လယ်ရေပြင်သည် ပြာလိုက်၊ စိမ်းလိုက်၊ ညိုလိုက်ဖြစ်နေသော အရောင်တို့ကို တစ်ကန့်ချင်း မြင်နေရသည်။

နေ့လယ် ၁၂ နာရီခွဲလောက်တွင် ကာလကတ္တားမြို့ ဒမ်ဒမ်လေယာဉ်ကွင်းသို့ ကျွန်ုပ်တို့စီးလာသော လေယာဉ်သည် သက်ဆင်းလိုက်တော့၏။

လေယာဉ်ပေါ်မှ ခရီးသည်များကား ဆင်းကြပြီ။ သက်ဆိုင်သူများက ကာစတန်ရုံးထဲသို့ ခေါ်ဆောင်သွားကြသည်။ ကျွန်ုပ်တို့တစ်တွေကား လိုက်၍သွားကြရသည်။ အရာရှိတစ်ဦးက ကျွန်ုပ်တို့ လာခဲ့သော နေရာဌာနနှင့် အိန္ဒိယတွင် တည်းခိုမည့် နေရာဌာန လိပ်စာတို့ကိုမေး၍ ရေးမှတ်ယူနေသည်။ ကိုယ်တိုင် လက်မှတ်များကိုလည်း ထိုးရန် ပြောဆို၍ ပတ်(စ်)ပို့စ်တွင် ထိုးခဲ့သော ကိုယ်တိုင် လက်မှတ်အတိုင်း တူနိုင်သမျှ တူအောင် ရေးထိုးကြသည်။ ထို့နောက် ပြည်ထွက်လက်မှတ်ကို ပေးလိုက်သည်။ ဤပြည်ထွက်လက်မှတ်၊ ဆေးလက်မှတ်၊ ချက်လက်မှတ်နှင့် ပတ်(စ်)ပို့စ်လက်မှတ်များကို မပျောက်မရှရအောင် ကောင်းမွန်စွာ သိမ်းဆည်းထားကြရတော့သည်။

ကာစတန်များ၏ ရှာဖွေစစ်ဆေးခြင်း စသော ကိစ္စရပ်များ ပြီးစီးသည့်နောက် ယူ–ဘီ–အေ လေယာဉ်ပျံရုံးသို့ ပို့ဆောင်ရေးကားဖြင့် လိုက်ခဲ့ကြရတော့သည်။

ယူ–ဘီ–အေ လေယာဉ်ရုံးသို့ ရောက်ကြသောအခါ ကိုယ့်ပစ္စည်းကိုယ် ရွေးယူကြပြီးနောက် **"ဦးပညာသီရိ၊ ဓမ္မသာလာ၊ အိဒင်ဆေးရုံလမ်း ကာလကတ္တား"**ဟု ကျွန်ုပ်တို့ မြန်မာပြည်မှ မှတ်သားလာခဲ့ကြသော လိပ်စာအတိုင်း ဓမ္မသာလာသို့ လန်ချားဖြင့် သွားကြသည်။

mgyoe.com

mgyoe.com


လမ်းတွင် မြန်မာစည့်သည် မိန်းမနှစ်ယောက်နှင့် တွေ့ကြရသည်။ သူတို့က ကျွန်ုပ်တို့အား ရယ်၍ နှုတ်ဆက်သွားကြသေးသည်။

ဓမ္မသာလာသို့ ရောက်ကြသောအခါ လန်ချားကုလားကို ငွေနှစ်ကျပ်ပေး၍ ကျွန်ုပ်တို့သည် အပေါ်ထပ်သို့တက်သွားကြသည်။ အပေါ်ထပ်မှ အောက်သို့ဆင်း၍လာသော မန္တလေးမြို့ ခင်မကန် တိုက်ကျောင်းလေးကျောင်း ဆရာတော် ဦးဝါသဝနှင့် ပက်ပင်းပါ တွေ့ကြရသည်။

"ဟော ... ဦးဝါသဝ၊ ဘယ်တုန်းကရောက်ပြီး အခု ဘယ်ကို သွားမလို့လဲ ဘုရား" ဟု ကျွန်ုပ်က နှုတ်ဆက်လိုက်သည်။

"တပည့်တော်ရောက်တာ ကြာပြီ၊ အခု လျှောက်လည်မလို့။ သန်ဘက်ခါ မြန်မာပြည်ကို ပြန်တော့မယ်။ သီဟိုဠ်လည်း နှံ့ခဲ့ပြီ" ဟု ဦးဝါသဝက ပြန်ပြောသည်။

"ဒါဖြင့် တပည့်တော်တို့ကို နေရာလိုက်ပြီး ချပေးပါဦး"ဟု အားကိုးအားထားနှင့် ကျွန်ုပ်က ပြောသည်။

"လာ ... လာ" ဟု သူကခေါ်ပြီး အပေါ်ထပ်သို့ တက်သွားသည်။ ကျွန်ုပ်တို့ကလည်း အထုပ်အပိုးများနှင့် သူ့နောက်မှ တောက်လျှောက် တက်၍ လိုက်သွားကြရ၏။

ဓမ္မသာလာပေါ်တွင် မြန်မာဘုရားဖူးများ ဝင်လိုက်၊ ထွက်လိုက်၊ တက်လိုက်၊ ဆင်းလိုက်ဖြင့် ပြည့်ကျပ်၍နေကြသည်။ ကျွန်ုပ်တို့သည် ဘုရားခန်းရှေ့ အနည်းငယ်ခန့် နေရာလပ်ကလေးတွင် ဖြစ်သလိုနှင့် တိုးတိုးဖွေ့ဖွေ့ တည်းခိုကြရသည်။ အာဂန္တုဘုန်းတော်ကြီးများ ရှုပ်ယှက်ခတ် များပြားနေသဖြင့် ဦးပညာသိရိသည် အဘယ်ဆရာတော် ဖြစ်သည် ဟူ၍ မသိရပေ။ သို့အတွက် စုံစမ်းမေးမြန်းကြည့်ရာ 'ဆရာတော် ဦးပညာသိရိသည် သီဟိုဠ်သို့ ကြွသွားကြောင်းနှင့် ဆရာတော် ဦးပညာသိရိ နေရာတွင် ဆရာတော် ဦးတိလောကက ဆောင်ရွက်နေကြောင်း'

mgyoe.com

mgyoe.com


ကို သိရသည့်အတွက် ဆရာတော် ဦးတိလောကအား လိုအပ်သော အကူအညီများကို တောင်းကြရတော့သည်။

ဇန်နဝါရီလ ၂၂ ရက်နေ့မှစ၍ ၂၇ ရက်နေ့အထိ ကာလကတ္တားမြို့၌ ရောက်သင့်ရောက်ထိုက်သော နေရာများသို့ သွားရောက်လည်ပတ်ကြည့်ရှုကြသည်။

ကာလကတ္တားမြို့၌ ကြည့်ရှုစရာကောင်းသော ဌာနတစ်ခုကား မြူစီယံခေါ် ပြတိုက်ကြီးဖြစ်သည်။ ထိုပြတိုက်ကြီးသို့ သွားရောက်ကြသည်။ ကြီးကျယ်သောအဆောက်အအုံကြီး ဖြစ်သည်။ ထူးထူးဆန်းဆန်း ကြည့်ရှုစရာတွေ မြောက်မြားစွာရှိသည်။ ကောင်းကင်နေ သတ္တဝါတို့၏ အကောင်မပျက် တည်ရှိနေအောင် ပြုလုပ်ထားပုံ၊ မြေပေါ်၌နေသော သတ္တဝါအမျိုးမျိုး၏ အကောင်မပျက် တည်ရှိနေအောင် ပြုလုပ်ထားပုံ၊ ရေ၌နေသော သတ္တဝါများ၏ အကောင်မပျက် တည်ရှိနေအောင် ပြုလုပ်ထားပုံ စသည်တို့ဖြစ်ကြသည်။ ကြည့်မဆုံး၊ ရှုမဆုံးပင် ဟူ၍သာ အကျဉ်းချုံးလျက် ဆိုရတော့မည်။

ဝိတိုရီးယားမိမိုရီရယ်(လ်) ခေါ်သော အဆောက်အအုံကြီးသို့ ရောက်သွားကြသည်။ ၎င်းအဆောက်အအုံကြီးကား ကြီးကျယ်မြင့်မားခမ်းနားသပ်ရပ်လှ၏။ မြန်မာပြည်တွင် စကျင်တောင်မှထွက်သော ကျောက်မျိုးတို့ဖြင့် ပြုလုပ်ထားသည်။ လူတစ်ယောက်လျှင် ပိုက်ဆံနှစ်ပဲပေး၍ လက်မှတ်ယူပြီး အတွင်းသို့ ဝင်ရောက်ကြည့်ရှုရသည်။ အတွင်းရှိ ကြည့်ရှုစရာများကို ဓာတ်ပုံရိုက်မည်ကို စိုးသည့်အတွက် ကင်(မ်)ရာ မယူရန်ကိုလည်း တားမြစ်သေးသည်။ ဝိတိုရီးယား ဘုရင်မ၏ ကျောက်ရုပ်တုများနှင့် ဘဝဖြစ်စဉ်၊ ပန်းချီဆေးရေး ရေးဟောင်းအနုပညာလက်ရာများ ရှိသည်။

တိရစ္ဆာန်ရုံသို့ ရောက်သွားကြပြန်၏။ ငှက်အမျိုးမျိုး၊ မျောက်

mgyoe.com

mgyoe.com


အမျိုးမျိုး၊ သမင်၊ ဒရယ်၊ သစ်၊ ကျား၊ ဝက်ဝံ၊ မြွေခွေး၊ ဝံပုလွေ စသော အကောင်ပလောင်များ စုံလင်လှသည်။ ၎င်းပြင် ကြီးမားလှသော အပွင့်ရှိသည့် ဒေလီယာပန်းပွင့်ကြီးများသည် အမျိုးသမီးများ၏ လက်ယားလောက်အောင် ခူးချင်စရာကြီးများ ဖြစ်ကြတော့၏။

ဘော်တန်နီကယ်(လ်) ဥယျာဉ်ကြီးသို့ ရောက်သွားကြပြန်ပြီ။ ဤဥယျာဉ်ကြီးကား ကာလကတ္တားနှင့် ကပ်လျက်ရှိသော ဟောင်ရာမြို့တွင် တည်ရှိနေသည်။ ကျယ်ပြန့်လှသည်။ သစ်ပင်ကြီးများ ပေါများလှသည်။ ကြာလင်ပန်းခေါ် အဖျားကော့၍ ကြီးမားသောအရွက်ရှိသည့် ကြာပင်များ ကန်တစ်ကန်အတွင်းဝယ် ပေါက်ရောက်လျက်ရှိသည်ကို တွေ့မြင်ခဲ့ကြရသည်။ တစ်နေရာတွင် ဘန်ယန်ထရီးခေါ် ညောင်ခြေထောက်ပင်များ ရှိသည်။ အံ့သြစရာကောင်းလှ၏။ ၁၉၅၅ ခုနှစ်က ညောင်ခြေထောက်ပေါင်း ၉၄၇ ခု ရရှိသည်ဟု မှတ်တမ်းရေးထားသည်ကို တွေ့ခဲ့ရသည်။ အပင်ပေါင်းလည်း များသည်။ တစ်ပင်တစ်ပင်တွင်လည်း ခြေထောက်ပေါင်းများစွာရှိသည်။ တစ်နေရာတွင် လား(ဂ်)ပမ်း(မ်)ဟောက်(စ်) ခေါ် ထန်းအိမ်ကြီးရှိသည်။ ထန်းပင် အငယ်၊ အလတ်၊ အကြီး စုပေါင်း၍ အထက်နှင့်ဘေးမှ ပန်းနွယ်ပင်များတင်ထားလျက် ကြည့်ရှု၍ကောင်းအောင် ပြုလုပ်ထားသည်။ တစ်နေရာတွင်လည်း ဤနည်းအတိုင်း ပြုလုပ်ထားသော သြချစ်(ဒ်)ဟောက်(စ်)ခေါ်သည့် ဂမုန်းအိမ်တစ်ခု ရှိသေးသည်။ ဂမုန်း အမျိုးမျိုးများကို စုပေါင်း၍ထားသည်။ အခြားတစ်နေရာတွင် ထူးဆန်းသော ထန်းသုံးပင်ရှိသည်။ တစ်ပင်က သုံးခွ၊ တစ်ပင်က လေးခွ၊ တစ်ပင်က ခုနစ်ခွ။

ဟောင်ရာ တံတားကြီးကိုလည်း တွေ့ကြရသေးသည်။ ၎င်းတံတားကြီးကား ဘော်တန်နီကယ်(လ်) ဥယျာဉ်သို့ သွားသောအခါ လမ်းတွင်တွေ့ရသော တံတားကြီးဖြစ်သည်။ ကာလကတ္တားနှင့်

mgyoe.com

mgyoe.com


ဟောင်ရာမြို့စပ်ကြားရှိ ဟူဂလီမြစ်ကိုကူးဖြတ်ထားသော တိုင်မဲ့တံတား ကြီး ဖြစ်သည်။ ကြီးမားလှ၏။

ဂျိန်း ဘုရားများသို့လည်း ရောက်ကြသေးသည်။ ဂျိန်း ဘာသာဝင်များ ကိုးကွယ်ထားသော ဘုရားဖြစ်သည်။ အဆောက်အအုံများကား ကောင်းလှသည်။ အခင်း၊ တိုင် စသည်များကို စကျင်ကျောက်မျိုးတွေနှင့် ချည်း ပြုလုပ်ထားသည်။ မှတ်စရာတစ်ခုမှာ အိန္ဒိယတွင် မည်သည့် ကြီးကျယ်သော အဆောက်အအုံမျိုးကိုမဆို ကျောက်များ၊ အုတ်များဖြင့်သာ ပြုလုပ်ကြသည်။ အသားအဆောက်အအုံဟူ၍ မမြင်မတွေ့ရ လောက်အောင်ပင် ရှားပါးလှသည်။ ဂျိန်း ဘုရား၏ပုံသဏ္ဌာန်ကိုလည်း ကျောက်များကိုထုထား၍ မြန်မာများကိုးကွယ်သည့် ရုပ်ပွားဆင်းတုတော်နှင့် မျက်လုံးပြူးသည်မှတစ်ပါး ကျန်အားလုံး တူလှသည်။ ဘုရားအနက် ဟောဇိနဟူသောပုဒ်မှ ကုလားသံဖြင့် ဂျိန၊ ၎င်းမှ ဂျိန်းဟူ၍ ဖြစ်လာသည် ဟုယူဆသော် သင့်လျော်ပေမည်။

ဇန်နဝါရီလ ၂၃ ရက်နေ့ နံနက်တွင် ရေစကြို မငွေမြိုင်တို့အဖွဲ့က ကျောင်းရှိ သံဃာတော်များအားလုံးကို ဆွမ်းနှင့် လက်ဖက်ရည်များ ကပ်လှူကြသည်။ လွန်ခဲ့သောနှစ်က ရွှေစေတီဆရာတော်နှင့် ကျွန်ုပ်တို့ ရေစကြိုသို့သွားရာတွင် တွေ့သိခဲ့ရဖူးသော မငွေမြိုင်ဖြစ်၏။ ကျွန်ုပ်တို့၏ ကျောင်းအမကြီးဖြစ်သော မန္တလေးမြို့၊ ကျောက်သွေးတန်း၊ ဒေါ်ဒေါ်ထွေးနှင့် အလွန်ရင်းနှီးသော သူမ ဖြစ်သည်။

"ဦးပဥ္စင်း၊ တပည့်တော်တို့နဲ့ အတူတူ သွားရရင် ဆွမ်းအတွက် မပင်မပန်း ချမ်းချမ်းသာသာနဲ့ သွားရမှာ။ အခုတော့ အရှင်ဘုရားက အလာ၊ တပည့်တော်မတို့က အပြန် ဖြစ်နေတယ်" ဟု မငွေမြိုင်က ပြောသေး၏။

သံဃာတော်များကား အားရပါးရ ဆွမ်းဘုဉ်းပေးကြသည်။

mgyoe.com

mgyoe.com


ငါးပိချက်နှင့် ချဥ်ရည်ဟင်းများက အထူးသဖြင့် ကောင်းမွန်လှ၍ မြိန်ရှက် တော်မူကြသည်။

"ဒီကနေ့စားရတဲ့ဆွမ်းဟာ မြန်မာပြည်မှာစားရတဲ့ဆွမ်းနဲ့ ဘာမျှ မထူးတဲ့အတွက် မြန်မာပြည်ကို ပြန်ရောက်နေသလားလို့တောင် အောက်မေ့ရတယ်" ဟု သံဃာတော်များက ဝိုင်း၍ ကောင်းချီးပြုကြသည်။

ယနေ့ နေ့လယ်တွင် စစ်တွေမှ ဘုန်းတော်ကြီးနှစ်ပါးနှင့် သီလရှင်ကြီးတစ်ပါး ရောက်၍လာကြပြန်သည်။ ထိုဘုန်းတော်ကြီးများက ဟံသာဝတီ သတင်းစာတွင် ကျွန်ုပ်တို့ မနေ့က လိုက်သွားကြကြောင်းကို တွေ့ခဲ့ကြရသည်ဟု ပြောသည်။ အိန္ဒိယနိုင်ငံလုံးနှင့် သီဟိုဠ်ကျွန်း တစ်ကျွန်းလုံး စိတ်တူ၊ သဘောတူ အဖော်ပြု၍သွားကြရန်ကိုလည်း ပြောကြသေးသည်။

ဇန်နဝါရီလ ၂၄ ရက်နေ့ နံနက်ခင်းတွင် မြန်မာပြည် စတိတ်ကော်မာရှယ်ဘဏ်မှ ပေးလိုက်သော ထရဲ(ဗ်)လား ချက်လက်မှတ်များကို အိန္ဒိယသုံးငွေအဖြစ်သို့ လဲလှယ်ကြသည်။ လဲလှယ်သောဘဏ်ကား အမေရိကန် အိက်(စ်)ပရက်(စ်) ဖြစ်သည်။

အိန္ဒိယတစ်နိုင်ငံလုံးသို့ လှည့်လည်ရန်အတွက် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ပထမတန်း မီးရထားလက်မှတ် ဝယ်ယူရန်နှင့် ဘုတ်လုပ်ရန် သွားကြသည်။ ဤကိစ္စများကို ဆရာတော် ဦးတိလောက က လိုက်၍ ဆောင်ရွက်လုပ်ကိုင်ပေးသည်။ ကျွန်ုပ်တို့သွားလိုသမျှ သွားရမည့်ခရီးစဉ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ဟောင်ရာ၊ ဂယာ၊ ပတ္တနားဂျန်းရှင်း၊ ဗာနာရတ်(စ်)ကင့်၊ ဒေယိုးရီးယားဆဒါ၊ ဂေါရပ္ပူ(ရ်)၊ နောင်ဂါး၊ ဘာ(လ်)ရန်ပူ(ရ်)၊ ဝွန်ဒါ၊ လတ်ကနောင်၊ ဖာရုကာဘက်၊ ပခနာ၊ အဂရာကင့်၊ ဒေလီ၊ ဆန်ချီ၊ ဂျ(လ်)ဂေါင်း၊ ဘုံဘေဗွိတီ၊ မဒရပ်(စ်)၊ ဒန်နုရှကိုဒီတို့ဖြစ်၍ မိုင်ပေါင်း

mgyoe.com

mgyoe.com


၃၃၃၇ မိုင် ဖြစ်သည်။

အထက်ပါ ခရီးစဉ်အတွက် အထက်တန်းလက်မှတ် တစ်ဝက်ခ နှင့် ၁၃၄ ကျပ် ၁၂ ပဲ ၉ ပိုင် ကျသည်။

ဇန်နဝါရီလ ၂၆ ရက်နေ့ ညတွင် ရန်ကုန်မြို့ အလယ်တောရမှ သီလရှင် ဒေါ်ဟေမာသီနှင့် ဒေါ်ဓမ္မာရီတို့ကို တွေ့ရသည်။ သူတို့ကား အိန္ဒိယပြည်ရှိ ဗုဒ္ဓဌာနများမှ ဘုရားဖူးလှည့်လည်၍ ပြန်လာခဲ့ကြသူများ ဖြစ်ကြသည်။ နောက်တစ်နေ့နံနက်တွင် သူတို့က ကျွန်ုပ်တို့အား ဆွမ်းကပ်ကြ၏။ ညနေတွင် မန္တလေးမြို့ သူရိယ သက်န်းတိုက်မှ ကိုသန်း၊ ဒေါ်ထွန်းတို့နှင့် စကုတိုက်ပုပ္ပာရုံကျောင်းဆရာတော် ဦးပဒုမတို့ကိုလည်း တွေ့ရသည်။ ကာစတန်အကောက်ဌာနမှ အဖမ်းအဆီးလွတ်စေခြင်းငှာ မိမိတို့ဝယ်ယူထားသော အထည်များကို လုံကွင်း၊ ခြင်ထောင် စသည်ဖြင့် ချုပ်သီနေကြသော တချို့သော ဒါယိကာမများကိုလည်း တွေ့ရသေး၏။

ယနေ့ညနေတွင် ကျွန်ုပ်တို့ကား ခရီးထွက်ကြရတော့မည်။ ကျွန်ုပ်တို့သည် မြန်မာပြည်မှ လာခဲ့ကြစဉ်က ကျွန်ုပ်နှင့် ဦးသုန္ဒရ နှစ်ပါးတည်းသာ ဖြစ်ကြသော်လည်း ကာလကတ္တားရောက်၍ ဗုဒ္ဓဌာနများသို့ သွားကြတော့မည် ပြုသောအခါ ခြောက်ဦးဖြစ်လာတော့၏။ စစ်တွေမှ ဘုန်းတော်ကြီးနှစ်ပါးဖြစ်ကြသော ဦးသာဂရနှင့် ဦးသုမင်္ဂလ၊ ရင်းပြင် သီလရှင်ကြီး ဒေါ်ဣန္ဒ၊ မြင်းခြံနယ်မှ ဆရာတော် ဦးဝိသုဒ္ဓါစာရ၊ ရွှေပြည် ရှင်ကျွန်း ဦးသုန္ဒရနှင့် ကျွန်ုပ်တို့ ဖြစ်ကြတော့၏။

အဆိုပါ ခြောက်ဦးအဖွဲ့ကား စိတ်တူကိုယ်မျှ ညီညွတ်ကြ၍ သွားလိုရာ၊ နားလိုရာများတွင် အတူသွား၊ အတူနားကြမည်ဖြစ်သော ဘုရားဖူး ဗဟုသုတ ရှာဖွေသူများသက်သက် ဖြစ်ကြသည်။

၀

mgyoe.com

mgyoe.com

# ကာလကတ္တားမှ ဂယာ

ဇန်နဝါရီလ ၂၇ ရက်နေ့ ညနေတွင် ကျွန်ုပ်တို့အဖွဲ့သား ခြောက်ဦးတို့သည် ဆရာတော် ဦးတိလောကအား ဝတ္ထု ၂၀ ကျပ် လှူတန်းကြသည်။ ပြီးလျှင် ယူဆောင်ရမည့်အထုပ်အပိုးများကို ပြင်ဆင်၍ နေကြပေတော့၏။ ည ၇ နာရီအချိန်တွင် မြင်းရထားများဖြင့် ဟောင်ရာဘူတာသို့ သွားကြ၏။ ရထားခ တစ်စီး နှစ်ကျပ် ပေးလိုက်၏။

ဟောင်ရာဘူတာသို့ရောက်ကြ၍ လက်မှတ်စစ်များအား ကျွန်ုပ်တို့ ဘုတ်လုပ်ထားသော လက်မှတ်များကိုပြလိုက်ရာ ဂယာသို့သွားမည့် မီးရထား ပထမခန်းသို့ လိုက်၍ပို့ကြသည်။ ကိုယ့်နေရာကိုယ် ပြင်ဆင်ပြီးကြ၍ ဣန္ဒြေရရထိုင်မိကြသောအခါ ဆရာတော် ဦးတိလောကနှင့် စကားစမြည် ပြောဆိုနှုတ်ဆက်ကြ၍ များမကြာမီ ခွဲခွာလိုက်ကြရတော့၏။

အချိန်မှာ ၉ နာရီရှိလေပြီ။ ကျွန်ုပ်တို့ တက်စီးနေကြသော မီးရထားကြီးသည်လည်း စတင်၍ ခုတ်မောင်းလေပြီ။ မိုးချုပ်ပြီဖြစ်၍ ဝဲ၊ ယာ ဝန်းကျင်တို့ကို မမြင်ကြရတော့။ မီးရထားကြီးသည် တစ်ဘူတာပြီး တစ်ဘူတာ ခုတ်မောင်း၍သွားရာ ဘယ်နှဘူတာရှိပြီဟူ၍ မသိရ။ နံနက်လင်း၍ မီးရထားရပ်သော ဘူတာကို ကြည့်လိုက်သောအခါ 'ဂယာ' ဟု

mgyoe.com

mgyoe.com


အင်္ဂလိပ်လိုရေးထားသော ဆိုင်းဘုတ်ကို တွေ့ကြရတော့၏။ သို့နှင့် ကျွန်ုပ်တို့သည် သုတ်သုတ်ပျာပျာ ပြင်ဆင်၍ မီးရထားပေါ်မှ ဆင်းလိုက်ကြရတော့သည်။

အချိန်မှာ နံနက် ၆ နာရီခွဲလောက်ပင် ရှိဦးမည်ဖြစ်၏။ ကျွန်ုပ်တို့သည် ဣါဂယာဘူတာမှ ဗုဒ္ဓဂယာသို့ သွားကြရမည်ဖြစ်၏။

ဝ

mgyoe.com

mgyoe.com

## ဂယာမှ ဗုဒ္ဓဂယာ

"အရှင်ဘုရားတို့ ... ဘယ်ကကြွကြွမလို့တုံး" ဟု မြန်မာစကားဖြင့် ကုလားတစ်ယောက်က နှုတ်ဆက်မေးမြန်းနေ၏။

"ဟာ ... နေရာကျလိုက်တာ၊ ခင်ဗျားက မြန်မာစကား တတ်သကိုး။ ခင်ဗျား မြန်မာပြည်ကို ရောက်ဖူးသလား" ဟု ကျွန်ုပ်က ပြန်၍ မေးလိုက်၏။

"တပည့်တော် တောင်ကြီးမြို့မှာ နေဖူးပါတယ်"

"ခင်ဗျားနာမည်က ဘယ်လိုခေါ်သလဲ"

"မြန်မာလိုနာမည် ကိုသိန်းမောင်လို့ ခေါ်ပါတယ်"

"ကိုသိန်းမောင်၊ အခု ဦးပဥ္စင်းတို့ ဗုဒ္ဓဂယာကို သွားကြမယ်။ ဘယ်နေရာနေပြီး ဘာနဲ့ သွားကြရမတုံး"

"ဘတ်(စ်)ကားနဲ့ သွားကြမလား၊ မြင်းလှည်းနဲ့ သွားကြမလား"

"ဘယ်လောက် ပေးသလဲ"

"ခုနစ်မိုင် ပေးတယ်"

"ဒါဖြင့် မြင်းလှည်းနဲ့ သွားကြမယ်"

ထို့နောက် ဘူတာတွင်းမှ ဘူတာ၏ပြင်ဘက် ဘတ်(စ်)ကား၊

mgyoe.com

mgyoe.com


မြင်းလှည်းများရှိရာ ဌာနသို့သွားကြရန် ကူလီများကို ခေါ်ပေးသည်။ မြင်းလှည်းပေါ်သို့ ရောက်ကြသောအခါ ကူလီတစ်ယောက်လျှင် သုံးပဲစီနှင့် 'ဘောက်ဆူး' ဟုပြောကာ အပိုတစ်ပဲစီ ပေးခဲ့ကြသည်။ အိန္ဒိယပြည်၌ မီးရထားဌာနများတွင် ကူလီတစ်ယောက်လျှင် တစ်ခေါက် သုံးပဲနှင့် ဘောက်ဆူးပေးရခြင်းတို့ကား ထုံးစံအတိုင်းဖြစ်တော့၏။

မြင်းလှည်းနှစ်စင်းပေါ်သို့ ကျွန်ုပ်တို့ ခြောက်ဦးအဖွဲ့သည် လူရော၊ ပစ္စည်းပါ ရောက်ကြသောအခါထိအောင် ကိုသိန်းမောင်က ကူညီ စောင့်ရှောက်သည်။

"မြင်းရထားခ ဘယ်လောက်ပေးရမလဲ ကိုသိန်းမောင်" ဟု သိထားနှင့်ရအောင် ကျွန်ုပ်က မေးမြန်း၏။

"တစ်စင်းကို နှစ်ကျပ်အပြင် ပိုမပေးပါနဲ့ ဘုရား၊ သူတို့ကတော့ ၁၀ ကျပ် ပေးလည်း နည်းတယ်ပြောမှာပဲ"

"ကောင်းပြီ ... ကောင်းပြီ ... ကိုသိန်းမောင်၊ ကိုင်း ... သွားတော့မယ်နော်။ နေရစ်တော့ ... ကိုသိန်းမောင်၊ ကျေးဇူးတင်ပါတယ်" ဟု ပြောနေခိုက် မြင်းရထားသမားများ မောင်းခေါ်ရာသို့ ကျွန်ုပ်တို့ လိုက်ပါသွားကြရတော့၏။

လမ်းတစ်လျှောက်တွင် သရက်ပင်များနှင့် ထန်းပင်များ၊ ၎င်းပြင် စွန်ပလွံပင်များကိုပါ တွေ့ကြရသည်။ လမ်းဘေးရှိ ရွာကလေးများတွင် နေထိုင်ကြသော ကုလားလူမျိုးများကား အတော်ပင် ဆင်းရဲကြပုံရ၏။ အကြောင်းမူကား အတွင်းအပ မြေလိမ်းကျံထားသော သူတို့၏အိမ်များသည် သေးငယ်၍ စုတ်ပဲ့နုံချာ ချူနာပါတေး လှသောကြောင့်တည်း။ ၎င်းပြင် သူတို့မွေး၍ထားကြသော ဝက်များ၊ နွားများနှင့် မြင်းများကား ပိန်ပိန်ညှော်ညှော်နှင့် ကျက်သရေမဲ့ကို ဆောင်၍နေကြသောကြောင့်တည်း။

တစ်ခါတစ်ရံတွင် ထိုရွာငယ်ကလေးများမှ ၁၀ နှစ်၊ ၁၁ နှစ်

mgyoe.com

mgyoe.com


အရွယ်ရှိ ကလေးသူငယ်များသည် ကျွန်ုပ်တို့၏ မြင်းလှည်းများနောက်သို့ အမြန် ပြေးလိုက်လာကြပြီးလျှင် "ဟာရေ ... ဘာဘာ ပိုက်ဆံဒေဒိုး" ဟူ၍ လည်းကောင်း၊ "ယေ(က်) ပိုက်ဆံ ဒေဒိုး ဘာဘူ" ဟူ၍ လည်းကောင်း ပြောဆိုလျက် ပိုက်ဆံများကို တောင်းကြလေသည်။ သနားသဖြင့် နှစ်ပြား၊ တစ်ပဲ ပေးလိုက်သည်ရှိသော် အတောင်းမရပ်ဘဲ ထပ်၍ ... ထပ်၍သာ တောင်းကြတော့၏။

၁ နာရီခွဲခန့်ဖြင့် ခုနစ်မိုင်ဝေးကွာသည့် ခရီးစခန်းဖြစ်သော ဗုဒ္ဓဂယာသို့ ကျွန်ုပ်တို့ ရောက်ကြပြီ။ **'ဆရာတော် ဦးဥတ္တမ၊ ဗုဒ္ဓဂယာ'** ဟု ကျွန်ုပ်တို့ မှတ်သားလာခဲ့ကြသည့်အတိုင်း ဆရာတော် ဦးဥတ္တမထံတွင် တည်းခိုကြရတော့သည်။

ဆွမ်းများချက်ပြုတ်၍ ပျော်ပျော်ပါးပါး စားသောက်ဘုဉ်းပေးကြပြီးနောက် ဆရာတော် ဦးဥတ္တမကျောင်းမှ လေးဖာလုံခန့်ဝေးသော ဗုဒ္ဓဂယာစေတီတော်သို့ သွားရောက်၍ဖူးကြသည်။ ဤခရီးကို ခြေကျင်မသွားလိုက ရိုရှောခေါ် သုံးဘီးခြေနင်း လန်ချားများနှင့် သွားနိုင်ကြသည်။ နှစ်ယောက်စီးနိုင်၍ ပိုက်ဆံ တစ်ပဲသာ ပေးရသည်။

ဖူးမြင်ကြည့်ရှုစရာများကား မဟာဗောဓိစေတီတော်၊ မဟာဗောဓိညောင်ပင်၊ ရတနာဃရအိမ်တော်၊ ရတနာစင်္ကြံတော်၊ အနိမိသကုန်းတော်၊ အဇပါလဆိတ်ကျောင်း ညောင်ပင်နေရာ ကျောက်တိုင်၊ ရာဇာယတန လင်းလွန်းပင်နေရာနှင့် မုစ္ဆလိန္ဒာအိုင်တို့ ဖြစ်ကြသည်။

သတ္တဌာန မြတ်လှသည့် ခုနစ်နေရာကို လွယ်ကူစွာ သိရန်အတွက် အောက်ပါ ရှစ်လုံးဘွဲ့ကဗျာကို ရေးသား၍ ထားလိုက်ရသည်။

**အနိမိသ၊ အဇပါလာ။**

**ရာဇာယတန၊ မုစ္ဆလိန္ဒာ။**

**ရတနာဃရ၊ စင်္ကမပါ။**


mgyoe.com

mgyoe.com


ပင်ဗောဓိ၊ မှတ်ဘိသတ္တဌာ။

မဟာဗောဓိ စေတီတော်အတွင်းရှိ ဆင်းတုတော်ကို ဖူးမြော်ကန်တော့ကြ၍ ဆုမွန်ကောင်းများ တောင်းကြသည်။ ပြီးကြလျှင် ဧည့်သည်တော်မှတ်တမ်း၌ ဘယ်နေ့၊ ဘယ်ရက်က ဤနေရာဌာနသို့ ဘုရားဖူး ရောက်ရှိကြကြောင်းကို ရေးကြသည်။ အလှူတော်ငွေများကိုလည်း ထည့်ဝင်လှူဒါန်းခဲ့ကြသေးသည်။

ကျွန်ုပ်တို့ ဘုရားဖူးအဖွဲ့သားများတွင် အချို့က မဟာဗောဓိညောင်ရွက်ကို အလုအယက် သူ့ထက်ငါ အမြတ်တနိုး ကောက်ယူကြသည်။ တချို့က သတ္တဌာနမြေများကို ယူကြသည်။ အချို့က ဖန်ပုတီး



မဟာဗောဓိစေတီတော်

mgyoe.com

mgyoe.com


များ၊ ခရုပုတီးများနှင့် ဘုရားဓာတ်ပုံတော်များကို ဝယ်ယူကြသည်။

နေ့လယ်အချိန်တွင် တချို့နေရာ၌ ရေစပ်စပ်ရှိ၍ သဲသောင်ခုံသာ အများဆုံးရှိသော နေရဥ္စရာမြစ်ကို ကျော်ဖြတ်ကြလျက် သုဇာတာ သူဌေးသမီး နေသောနေရာ၊ (၎င်းနေရာကား ကုန်းကြီးရှိသေးသည်)။ သုဇာတာ ဃနာနို့ဆွမ်း ကပ်လှူသောနေရာ၊ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးတော်မူသောနေရာ၊ သုပ္ပတိတ္ထဆိပ်ကမ်းနှင့် မြတ်စွာဘုရား နေ့သန့်စင်တော်မူသော နေရာများသို့ ရောက်သွားကြသည်။ အဆိုပါနေရာသို့ သွားရောက်ကြသောအခါ မိုးကုတ်အဖွဲ့၊ မန္တလေးအဖွဲ့၊ ရန်ကုန်အဖွဲ့နှင့် ကျွန်ုပ်တို့အဖွဲ့ပါ အဖွဲ့ပေါင်းစုံ၊ လူပေါင်းစုံ တပျော်တပါးကြီး ဖြစ်ကြတော့၏။

ဉရုဝေလတော ဒုက္ကရစရိယာ ကျင့်တော်မူသော နေရာကား ဤဗုဒ္ဓဂယာမှ ရှစ်မိုင်လောက်ဝေးသေးသည်ဟု ပြောကြသည်။ အချိန်မရ၍ ကျွန်ုပ်တို့ကား မရောက်ခဲ့ကြရတော့။ အချိန်ပိုယူ၍ သွားသင့်သော နေရာဌာနတစ်ခု ဖြစ်သည်။

ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ကျွန်ုပ်တို့သည် စောစောစီးစီး အိပ်ရာမှထကြ၍ ဆွမ်းများ ချက်ပြုတ်ကြသည်။ ခရီးတစ်ဌာန ပြောင်းကြရမည် ဖြစ်သောကြောင့် မဟာဗောဓိစေတီတော်ကြီးသို့ အရေးတကြီး သုတ်သီးသုတ်ပျာ သွားရောက်ကြ၍ ဖူးမြော်လိုက်ကြရသေးသည်။ တိဘက်လူမျိုး ဘုရားဖူးများကိုလည်း တွေ့ကြရ၏။ သူတို့တစ်တွေ ဘုရားကို ကြည်ညိုကြပုံမှာ အားရစရာ ကောင်းလှတော့၏။ ထလိုက်၊ ထိုင်လိုက်၊ ဝမ်းလျားမှောက်၍ ရှိခိုးလိုက်နှင့် အားရပါးရ ဖူးကြသည်။ ပါးစပ်မှလည်း ကြောင်ညည်းသလို ညည်းညူ၍ ဘုရားစာများကို ရွတ်ဆိုကြသည်။

၀

mgyoe.com

mgyoe.com

# ဗုဒ္ဓဂယာမှ ရာဇဂြိုဟ်

ယနေ့ ရာဇဂြိုဟ်သို့ တစ်စခန်းပြောင်းကြရတော့မည်။ ဆရာတော် ဦးဥတ္တမအား ဆွမ်းစရိတ်အဖြစ် ဝတ္ထုငါးကျပ် လှူဒါန်းထောက်ပံ့ကြသည်။ ပြီးနောက် ဆရာတော် ဦးဥတ္တမ စီစဉ်ပေးသောကားပေါ်သို့ အထုပ်အပိုးများတင်ဆောင်ကြလျက် ကျွန်ုပ်တို့ ခြောက်ဦးအဖွဲ့ ခပ်ကျပ်ကျပ် လိုက်ပါသွားကြရတော့၏။

မော်တော်ကားသည် ဂယာကိုဝင်လျက် ဗုဒ္ဓဂယာမှ ၄၄ မိုင် ဝေးကွာသော ရာဇဂြိုဟ်လမ်းတစ်လျှောက်ကို သွားနေသည်။ အချိန် ၁၀ နာရီလောက်တွင် ရှေးရာဇဂြိုဟ်မြို့ဟောင်းထဲသို့ ဝင်မိကြလေပြီ။ အဝင်စ ပဏ္ဍဝတောင်ခြေ၌ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးတော်မူသောနေရာသို့ ရောက်ကြ၍ ခေတ္တ ကားရပ်ပေးသည်။ ကျွန်ုပ်တို့သည် ကားပေါ်မှ ဆင်း၍ ကြည့်ရှုကြသည်။

ရှေ့သို့ ဆက်၍ ကားနှင့်သွားကြရာ ဇီဝက သရက်ဥယျာဉ်နေရာကို ကားပေါ်မှကြည့်ရှုခဲ့ကြ၍ ရှေ့တစ်နေရာ၌ မော်တော်ကားရပ်ပြီး ဂိဇ္ဈကုဋ်တောင်ပေါ်သို့ တက်ကြ၏။ ဒေဝဒတ် ကျောက်မောင်းဆင်ချသောနေရာ၊ ဗိမ္ဗိသာရမင်းကြီးနှင့် မြတ်စွာဘုရား တွေ့သောနေရာ၊ ဗိမ္ဗိသာရမင်းကြီး လိုက်၍ပို့သောနေရာနှင့် ရဟန္တာများ သီတင်းသုံးတော်

mgyoe.com

mgyoe.com


မူခဲ့ကြသည့် နေရာများကို အစဉ်အတိုင်း တွေ့ကြရတော့သည်။

ဒေဝဒတ် ကျောက်မောင်းဆင်ချသောနေရာသို့ ရောက်ကြသောအခါ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ရေးသားသော ဝင့်တော် ၁၂ ပါးဘွဲ့၊ ရှစ်လုံးဖွဲ့ကဗျာတွင် 'ဝေဘာတောင်စောင်း၊ ကျောက်မောင်းဆင်ကာ' ဟု ရေးထားသည်ကို ပြေး၍သတိရမိတော့၏။ ဤအချက်ကို ဗုဒ္ဓဂယာတွင် စကားစပ်မိ၍ မိုးကုတ်အဖွဲ့နှင့်လိုက်ပါလာသော တောင်မြို့ဆရာတော် ဦးဝိလာသအား " 'ဂိဇ္ဈကုဋ်တောင်စောင်း ကျောက်မောင်းဆင်ကာ' လို့ ပြင်ဆိုလိုက်ရရင် မကောင်းဘူးလား ဆရာတော်" ဟု ကျွန်ုပ်က လျှောက်ထားရာ "မင်းလည်း ကဗျာဆရာပဲ၊ ကောင်းသလို ကြည့်လုပ်ပေါ့" ဟု ရယ်လျက် အမိန့်ရှိဖူးသည်ကိုလည်း ပြေး၍ သတိရမိပြန်တော့၏။

'စားပြီးအိပ်နေ၊ ဘိက္ခုဝေတို့၊ သေလေငုတ်တုတ်၊ ဂိဇ္ဈကုဋ်' ဟူသော ဘုန်းကြီးလောကကိုချိုးနှိမ်သည့် လင်္ကာအတိုအစကို လည်းကောင်း၊ 'ပိတ်တစ်အုပ်နှင့် ဂိဇ္ဈကုဋ်' ဟူသော သီလရှင်လောကကို ချိုးနှိမ်သည့် လင်္ကာအတိုအစကိုလည်းကောင်း လူတိုင်းလိုလို ကြားဖူးကြပေမည်။ ၎င်းလင်္ကာ အတိုအစများ၏ အဓိပ္ပာယ်မှာ ဒါယကာ၊ ဒါယိကာမများတို့၏ လှူဒါန်းသောဆွမ်းတို့ကို စားသောက်လျက် ဂန္ထဓုရ၊ ဝိပဿနာဓုရတို့ကို လုံ့ဝအားမထုတ်ဘဲ ကြွေးမြီအတင်ခံ၍ စားကာ၊ အိပ်ကာနှင့် နေသော ပုဂ္ဂိုလ်များသေလျှင် ဤဝိဇ္ဈကုဋ်တောင်သို့ရောက်ကာ ပြိတ္တာကြီးများ ဖြစ်တတ်ကြသည်ဟု မကောင်းသဖြင့်ပြောကြသော်လည်း ကျွန်ုပ်တို့အဖွဲ့သားများမှာမူကား ဤနေရာဌာနသို့ ဘုရားဖူးအဖြစ်နှင့် ကောင်းမွန်စွာရောက်နေကြခြင်း ဖြစ်တော့သည်။

ဂိဇ္ဈကုဋ်တောင်ပေါ်မှ ဆင်းလာကြလျက် မော်တော်ကားပေါ်သို့ တက်ကြပြီး ရှေ့သို့ ဆက်လက်၍သွားကြပြန်သည်။ တစ်နေရာတွင် ဗိမ္ဗိသာရမင်းတရားကြီး အကျဉ်းချထားခြင်းခံရသော ထောင်နှင့် အခြား

mgyoe.com

mgyoe.com


တစ်နေ့ရာတွင် အဇာတသတ္တု မင်းတရား၏ ကုသိုလ်တော်ဖြစ်သော ဓာတ်တော်တိုက်သို့လည်း ရောက်ကြသည်။ တစ်ဖန် ဆက်လက်၍သွားကြပြန်၏။ ရှေးရာဇဂြိုဟ်မြို့၏ အပြင်ဘက်သို့ ရောက်ကြပြီ။ အဇာတသတ္တု မင်းတရား၏ နန်းတော်ရာအနီး **'ဆရာတော်ဦးဇယန္တ၊ ရာဇဂြိုဟ်'** ဟု ကျွန်ုပ်တို့ ရေးမှတ်ယူခဲ့ကြသော နေရာဌာနသို့ ရောက်ကြတော့၏။

များမကြာမီအတွင်း၌ ရန်ကုန်မှ ဘုရားဖူးအဖွဲ့နှင့် မိုးကုတ်မှ ဘုရားဖူးအဖွဲ့တို့လည်း ဆက်ကာဆက်ကာ ရောက်လာကြတော့၏။

အချိန်မှာ မွန်းတည့်လုနီးနေပြီ။ ဗုဒ္ဓဂယာမှ အသင့် ချက်ပြုတ်၍ ယူလာခဲ့ကြသော ဆွမ်းတို့ကို ဖြစ်သလိုနှင့် ဘုဉ်းပေးကြရန် ပြင်ဆင်၍ နေကြ၏။ ထိုစဉ်တွင် မိုးကုတ်အဖွဲ့မှ ဘုရားဖူး ဒါယကာ၊ ဒါယိကာမများက "ဆွမ်းကပ်ပါရစေ" ဟု ကျွန်ုပ်တို့အား လာရောက်၍ လျှောက်ထားကြသည်။ ကျွန်ုပ်တို့သည် ပါလာသောဆွမ်းများကိုပါ ယူဆောင်ကြလျက် ၎င်းတို့ပင့်ခေါ်ရာသို့ လိုက်သွားကြ၍ ဆွမ်းဘုဉ်းပေးကြရသည်။ မိုးကုတ်အဖွဲ့မှကပ်လှူကြသော ဝက်သားနီကြော်များဖြင့် မြိန်ရေရှက်ရေ ဘုဉ်းပေးနေကြစဉ် ဆရာတော် ဦးဇယန္တ၏ ကျောင်းတွင်းရှိ ရေဒီယိုတွင် ကြိုးသွယ်လျက် ဆွမ်းစားကျောင်းတွင် တပ်ဆင်ထားသော ဟွန်းမှ မြန်မာသံများကို ကြားနေရသည်။

"ယခု မြန်မာစံတော်ချိန် ၁၂ နာရီနှင့် မိနစ် ၃၀ ရှိပါပြီ" ဟု ရေဒီယိုမှာ ကြေညာလိုက်ရာ ပထမတွင် ကျွန်ုပ်တို့သည် အံ့အားသင့်၍ သွားကြ၏။ နောက်မှ မြန်မာစံတော်ချိန်နှင့် အိန္ဒိယစံတော်ချိန် ၁ နာရီ ကွာခြားသည်ကို သတိရကြသဖြင့် "အင်း ... မြန်မာပြည်မှာသာ မွန်းလွဲသော်လည်း အိန္ဒိယမှာ မွန်းမလွဲသေးဘဲ ၁၁ နာရီခွဲသာ ရှိသေးတာပဲ" ဟု သိကြရတော့သည်။

၀

mgyoe.com

mgyoe.com

## ရာဇဂြိုဟ်မှ နာလန္ဒ

ဆွမ်းစား၍ လက်ဖက်ရည်သောက်ပြီးကြလျှင် ဗုဒ္ဓဂယာမှ စီးလာသော ကားနှင့်ပင် ရှစ်မိုင်ဝေးကွာသော နာလန္ဒသို့ သွားရောက်လှည့်လည်ကြည့်ရှုကြသည်။ နာလန္ဒတက္ကသိုလ်နှင့် ပြတိုက်တို့ကို ကြည့်ရှုကြရန် ပိုက်ဆံ နှစ်ပဲစီပေး၍ လက်မှတ်များ ဝယ်ယူကြရသည်။


နာလန္ဒတက္ကသိုလ်ကြီးကား ကြီးမားလှသည်။ အရှင်သာရိပုတ္တရာ၏မယ်တော် သာရိပုဏ္ဏေးမကြီးသည် မိစ္ဆာအယူမှ သမ္မာအယူသို့ ကူးပြောင်းလာ၍ အမှန်တရားကိုသိကာ ဆောက်လုပ်လှူဒါန်းသော ကျောင်းတော်ကြီးဖြစ်၏။ အခန်းပေါင်းများစွာ ရှိသည်။ အလယ်ကောင်တွင် ကျယ်ဝန်းသော ပရိသတ်နေစရာနှင့် ဆားပတ်ပတ်လည်တွင် စင်္ကြံလမ်းများလည်း ရှိသည်။ ထို့ပြင် နံပါတ်စဉ်ထိုးလျက် ကျောင်းတော်ရာတွေ မြောက်မြားစွာ ရှိသေး၏။

ကျွန်ုပ်တို့သည် ထိုကျောင်းတော်ရာများကို အချိန်တော်တော်ကြာစွာ ကြည့်ရှုကြသည်။ ပြတိုက်၌ ဗုဒ္ဓနှင့်ပတ်သက်သော ရုပ်ပွားတော်အကောင်းအဆိုး အကျိုးအပဲ့များနှင့် ရှေးဟောင်းပစ္စည်းများကို တွေ့ကြရသည်။ ၎င်းပြင် အိုးစရည်းကြီးများကိုလည်း တွေ့ကြရသေးသည်။

mgyoe.com

mgyoe.com





နာလန္ဒတက္ကသိုလ်

နာလန္ဒကျောင်းတော်ရာနှင့် ပြတိုက်တို့ကို ကြည့်ရှုကြပြီးလျှင် ကျွန်ုပ်တို့သည် ပြန်ခဲ့ကြတော့သည်။ ဆရာတော် ဦးဇယန္တကျောင်းသို့ ရောက်ကြသောအခါ ကားသမားကို ကျွန်ုပ်တို့ တစ်ဖွဲ့သားလုံးအတွက် ကျသင့်ငွေ ၅၀ ကျပ်ကို ချေလိုက်ကြရသည်။ ထိုကားအပြန်တွင် ထိုကားနှင့်ပင် ဝေဘာရတောင်ခြေသို့ လိုက်သွားကြသည်။ တောင်ခြေတွင် ရေပူကန်ရှိသည်။ အီတလီကျောက်ပြားများကိုခင်း၍ ဘေး၌လည်း ဤကျောက်ပြားများကို ထောင်လျက်စီထားသော ကန်ကြီးဖြစ်သည်။ ကန်ဟုဆိုသော်လည်း ရေချိုးအိမ်သဘောသာ ဖြစ်သည်။ လှေကားနှင့်ဆင်း၍ သွားကြရသည်။ စကျင်ကျောက်မျိုးကို နွားခေါင်းသဏ္ဌာန် ပြုလုပ်ထားသော ပြွန်များဖြင့် သွယ်၍ထားသည်။ ၎င်းပြွန်များမှ ရေပူများ တဖျောဖျောနှင့် အမြဲ ထွက်ကျနေသည်။ ဤရေပူများကို ကျွန်ုပ်တို့ ချိုးကြသည်။ ပထမသော် အတော်ကလေး ပူသည်။ နောက် တစ်ကိုယ်လုံး ရွှဲ၍သွားတော့မှ အသားကျ၍ ချိုးနိုင်သွားတော့သည်။

ရေပူချိုးလျှင် ဘေးအမျိုးမျိုးကင်းခြင်း၊ အညောင်းအညာ ဒူလာ

mgyoe.com

mgyoe.com


ပါဒရက်ပျောက်ခြင်း အစရှိသော အကျိုးများရှိသည်ဟု အယူရှိကြရာ သူရောင်ပါပါ များစွာသော တရုတ်၊ ကုလား၊ မြန်မာတို့ လာရောက်၍ ချိုးကြသည်။

ဤရေပူကန်၏အကြောင်းအရာကို ကဗျာဝါသနာပါသော ကျွန်ုပ်သည် အောက်ပါကဗျာ လေးချိုးကလေးကို ရေးသားလိုက်တော့၏။


ရေပူကန် သက်ဆင်း၍၊
ချက်ချင်းပ ချိုးလိုက်လျှင်။ ။
ဘေးဘယာ ဝေးကွာပသည်ဟု၊
ပြောကြလေအင်။ ။
ကုန်အစင် ယုံချင်သည့် လူအများ။ ။
ကုလားရယ် ကိုတရုတ်ငယ်တို့၊
အဟုတ်ကို ရောဂါကင်းအောင်ပ၊
ရွှေမြန်မာ ဖော်တသင်းတို့မှာလည်း၊
ဆင်းချိုးကြသား။ ။

ထိုမှတစ်ဖန် အထက်သို့ တက်သွားကြပြန်သော် ပိပ္ပလိ ကျောက်အိမ်ဟုခေါ်သော ကျောက်ပုံကြီးကို တွေ့ကြရသည်။ အထက်သို့ တစ်ဆင့်တက်၍ အမြင့်ဘက်သို့ ရောက်ကြပြန်သော် ဗုဒ္ဓဘုရားနှင့် ဂျိန်းဘုရားတို့၏ အဆောက်အအုံများကိုလည်းကောင်း၊ အထက်မှအောက်သို့ ကွေ့၍ ဆင်းလိုက်ပြန်သော် ပထမ သင်္ဂါယနာတင်သည့် စရည်းပင်ရောက်ရာ သတ္တပဏ္ဏိလိုဏ်ဂူကိုလည်းကောင်း တွေ့ကြရသည်။

အဆိုပါ နေရာဌာနများမှ အောက်သို့ ဆင်းလာခဲ့ကြရာ လမ်းတစ်ဝက်အရောက်တွင် မိုးအနည်းငယ် ရွာချတော့သည်။ ကျွန်ုပ်တို့

mgyoe.com

mgyoe.com

စရည်းပင်ရောက်ရာ သတ္တပဏ္ဏိလိုဏ်ဂူ

တစ်တွေကား တစ်နေရာတွင် မိုးခိုနေကြရသေး၏။ မိုးတိတ်မှ ဆရာတော် ဦးဇယန္တကျောင်းသို့ ပြန်ကြရတော့သည်။

ယနေ့ကား ဇန်နဝါရီလ ၃၁ ရက်နေ့၏ နံနက်ခင်း ဖြစ်တော့သည်။ မိုးကုတ်အဖွဲ့မှ ကော်ဖီနှင့်ပေါင်မုန့်များ ကပ်လှူကြသေးသည်။ ကျွန်ုပ်တို့သည် ဆွမ်းမစားကြသေးခင် ဦးဇယန္တကျောင်း၏ အနောက်ဘက် အဇာတသတ္တု မင်းတရား၏ နန်းတော်ရာ၊ အဇာတသတ္တု မင်းတရား တည်ထားကိုးကွယ်သော စေတီတော်အပျက်ရာနှင့် ဂျပန်ဘုရားရှိခိုးကျောင်းတို့သို့ သွားရောက်ကြည့်ရှုကြသည်။ အပြန်တွင် ဆွမ်းများဘုဉ်းပေးကြပြီး စခန်းတစ်ခုသို့ ပြောင်းရွှေ့ကြရန် အထုပ်အပိုးများကို ပြင်ဆင်နေကြ၏။

ဆရာတော်ဦးဇယန္တအား ကျွန်ုပ်တို့အဖွဲ့က ဝတ္ထု ၁၀ ကျပ် လှူခဲ့သည်။ ဆရာတော်ဦးဇယန္တကား ရှမ်းဘုန်းကြီးဖြစ်သည်။ သဘောကောင်းလှသည်။ ကိစ္စကြီးငယ်ကို ကောင်းစွာ ဆောင်ရွက်ပေးသည်။ ထို့ကြောင့် ကျွန်ုပ်တို့ တည်းခိုကြရသည်မှာ စိတ်လက်ချမ်းသာ များစွာ

mgyoe.com

mgyoe.com


ဖြစ်ကြ၏။

ဧည့်သည်တော်မှတ်တမ်းတွင်လည်း ကျွန်ုပ်တို့အဖွဲ့မှ ဝတ္ထု ၁၀ ကျပ် လှူခဲ့ကြောင်း၊ ဘယ်နေ့၊ ဘယ်ရက်က ဘယ်သူဘယ်ဝါများ ရောက်ရှိကြကြောင်းနှင့် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ တည်းခိုခဲ့ကြရကြောင်းတို့ကို ရေးသားခဲ့ကြသည်။ ၎င်းဧည့်သည်တော်မှတ်တမ်း တစ်နေရာတွင် ဦးကေတကတို့ ရောက်ရှိကြကြောင်းကို တွေ့ရသည်။ လက်ရေးကို မြင်သဖြင့် ကျွန်ုပ်အား ရှင်သာမဏေဘဝက စာချပေးခဲ့ဖူးသော (ယခု စစ်ကိုင်းတောင်၊ ဇမ္ဗူ့မင်္ဂလာချောင်တွင် သီတင်းသုံးတော်မူသည့်) ဆရာတော် ဦးကေတက ဖြစ်ကြောင်းကို သိရသည်။

○

mgyoe.com

mgyoe.com

## ရာဇဂြိုဟ်မှ ပတ္တနား

နေ့လယ် နာရီပြန်တစ်ချက် အချိန်လောက်တွင် ဘတ်(စ်)ကား စတေးရှင်းသို့ မြင်းလှည်းဖြင့် သွားကြသည်။ နာရီပြန်နှစ်ချက်တွင် ဘတ်(စ်)ကားကို နှစ်ကျပ် လေးပဲ၊ ရီဇတ်လုပ်ခ လေးပဲနှင့် ပေါင်းနှစ်ကျပ် ရှစ်ပဲပေး၍ ပတ္တနားခေါ် ပါဋ္ဌလိပုတ်ပြည်သို့ လိုက်ကြတော့သည်။ လမ်းတွင် ဝဇီရကံ အမည်ရှိသော ရွာကလေးတစ်ရွာကို တွေ့ကြရသည်။ ၎င်းရွာ၏အနီး တောင်ထိပ်တစ်ခုတွင် ပေါက်ရောက်တည်ရှိနေသော ထန်းပင်တစ်ပင်ကို တွေ့မြင်ကြရသည်။ အဝေးက လှမ်း၍ကြည့်ရသည်မှာ မှိုပွင့်ကလေးပမာ ဖြစ်တော့၏။ ထိုထန်းပင်ကို တွေ့မြင်ကြရသည်မှာ အထူးအဆန်းတစ်ခုဟုပင် မှတ်ထင်ကြရတော့သည်။

ဤထန်းပင်နှင့် ဤရွာကို ဤနေရာဌာနသို့ မလာမရောက်ကြခင် ကပင်လျှင် ကျွန်ုပ်တို့ စိတ်ဝင်စားပြီး ဖြစ်ကြတော့၏။ အကြောင်းမူကား တောင်မြို့ဆရာတော် ဦးဝိလာသက ဗုဒ္ဓဂယာဆရာတော် ဦးဥတ္တမ ကျောင်းတွင် ကျွန်ုပ်တို့အား **'ဝဇီရကံ နာမကဿ ဂါမဿ သန္တိကေ ပဗ္ဗတဿ ကုဋ္ဌေ ဒ္ဓိတော ဧကော တာလော ဝိသေသော၀'**ဟု ပါဠိလို ပြောဆိုထားနှင့်သောကြောင့်တည်း။ ထိုဆရာတော်က ကျွန်ုပ်အား ပါဠိလို

mgyoe.com

mgyoe.com


ပြောဆိုသည်မှာလည်း ရှေးယခင်က မုံရွာမြို့တွင် နေထိုင်ကြစဉ်က ပါဠိလို ပြောဆိုဖော်ပြောဆိုဖက် ဖြစ်ခဲ့ကြသောကြောင့်တည်း။

ဘတ်(စ်)ကားသည် ဆက်လက်၍ သွားမြဲပင် သွားနေ၏။ ဗိဟာ၊ ဟာနောက်၊ ဘတ်(စ်)တိယပူ(ရ်) စသော မြို့များ၊ ရွာများကို ဖြတ်သန်းလျက် မိုင် ၆၀ ဝေးသော ပတ္တနားသို့ ည ၈ နာရီလောက်တွင် ရောက်ကြတော့၏။ အချိန်မလှတော့၍ မြန်မာဘုန်းတော်ကြီးကျောင်းကို လိုက်လံ၍ မရှာဖွေကြတော့ဘဲ ကားဆိပ်မှ ပတ္တနားဘူတာသို့ ဆိုက်ကားတစ်စီး ၁၂ ပဲ ပေးကာ ပိတ်တင်းရူး(မ်)တွင် တည်းခိုကြတော့သည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ **'ဦးသီရိဇေယျ၊ ပါဠိလိပုတ် ဆိုဆိုက်တီး'** ဟု ကျွန်ုပ်မှတ်သားထားသော လိပ်စာအရ မေးမြန်း၍ ရှာဖွေကြတော့၏။ သို့ရာတွင် ဦးသီရိဇေယျကို မတွေ့ကြရ။ မြန်မာပြည်သို့ သွားနေသည်ဟု ဦးသီရိဇေယျ၏ကိုယ်စားလှယ် နီပေါ ဘုန်းတော်ကြီး အနုရုဒ္ဓါက ပြောသည်။

အနုရုဒ္ဓါသည် မြန်မာလို တတ်ကျွမ်းနားလည်သည့်အပြင် စိတ်ကောင်း စေတနာကောင်းရှိ၍ ကျွန်ုပ်တို့ အလိုရှိသမျှကို ကူညီသည်။

ကျွန်ုပ်တို့သည် အနုရုဒ္ဓါအား ဘူတာသို့ပင့်ကြ၍ ဘူတာမှ ကျွန်ုပ်တို့ တစ်ဖွဲ့သားလုံး စုရုံးကြပြီး တက္ကစီတစ်စီးကို ငှားကြလျက် အနုရုဒ္ဓါ လမ်းညွှန်သောနေရာများသို့ သွားရောက်ကြည့်ရှုကြသည်။ ပထမ တစ်နေရာတွင် ဂိုးဂါး(ရ်)ခေါ် လှေကား ၁၄၂ ထစ်ရှိသည့် ရိက္ခာထားသော အိမ်ဝိုင်းကြီးပေါ်သို့ တက်ရောက်ကြ၍ တစ်မြို့လုံး၏ ကြည့်ခင်း၊ ရှုခင်းများကို ကြည့်ရှုကြသည်။ ဒုတိယ တခြားတစ်နေရာတွင် အသောကမင်းတရားကြီး၏ နန်းတော်ရာ၊ (၎င်းနန်းတော်တွင် တတိယ သင်္ဂါယနာတင်သည်ဟု အရုနဒ္ဓါက ပြောသည်)၊ အသောကာရုံ ကျောင်းတော်ရာနှင့် ပြတိုက်တို့သို့ သွားရောက်ကြည့်ရှုကြသည်။ တတိယ အခြား တစ်

mgyoe.com

mgyoe.com



နေရာတွင် အသောကမင်းတရားကြီး၏ ရေတွင်းကြီးသို့ သွားရောက်ကြည့်ရှုကြသည်။

အထက်ပါဌာနများသို့ လည်ပတ်ကြည့်ရှုကြသည့်အတွက် ကုန်ကျသည့်ကားခမှာ ရှစ်ကျပ်ဖြစ်၏။

အချိန်မှာ မွန်းတည့်လုလု ဖြစ်နေပြီ။ ချက်ပြုတ်စားသောက်ရန်ကား အချိန်မရနိုင်ကြတော့။ ထို့ကြောင့် အဂရာဝဲ(လ်)ဟိုတယ်သို့ ဝင်ရောက်ကြလျက် ဆွမ်းနှင့်မုန့်များ ဘုဉ်းပေးကြရတော့သည်။ ဆွမ်းဖြစ်စေ၊ မုန့်ဖြစ်စေ သို့မဟုတ် ဆွမ်းနှင့်မုန့်ဖြစ်စေ ကြိုက်သလို ဘုဉ်းပေးနိုင်ကြသည်။ အဝစားနိုင်ကြသည်။ တစ်ကျပ်၊ လေးပဲသာ ပေးရ၏။

ဟိုတယ်တွင် ဘုဉ်းပေးကြရပုံကို ဖော်ပြချင်သေး၏။ ကြေးလင်ပန်းထဲတွင် ဆွမ်းထည့်၍ ခရမ်းချဉ်သီးချက်၊ ကုလားပဲဟင်းနှင့် ဒိန်ချဉ်တို့ကို ကြေးဖလားငယ်များထဲတွင် ထည့်ပြီးပေးသည်။ ဆာ၍သာ စားရ၏။ စားချင်စဖွယ်တော့ မကောင်းလှ။

ဒုတိယ သံဂါယနာတင်ရာဖြစ်သော ဝေသာလီပြည်သို့ ဤပတ္တနားမှနေ၍ သင်္ဘောစီးပြီး သွားရသည်ဟု ပြော၏။ ကျွန်ုပ်တို့ကား အစီအစဉ်တွင် မပါဝင်သောကြောင့် လည်းကောင်း၊ မသွားလိုသူများရှိနေကြသောကြောင့် လည်းကောင်း ဤအကြောင်းများကြောင့် မသွားဖြစ်ကြရတော့။

○

mgyoe.com

mgyoe.com

## ပတ္တနားမှ ဗာရာဏသီ

အနုရဒ္ဓါအား ကျွန်ုပ်တို့အဖွဲ့က ဝတ္ထု ငါးကျပ် လှူဒါန်းခဲ့ကြသေးသည်။ အချိန်ကား နေ့လယ် နာရီပြန်တစ်ချက်ခွဲအချိန် ဖြစ်သည်။ ဗာနာရပ်(စ်)ခေါ် ဗာရာဏသီသို့သွားကြရန် မီးရထား ပထမတွဲပေါ်သို့ တက်ကြတော့သည်။ မကြာမီ မီးရထား ထွက်တော့သည်။

ညနေ ၆ နာရီထိုးတွင် ဗာရာဏသီသို့ ရောက်ကြတော့သည်။ ရိုရှောခေါ် သုံးဘီးခြေနင်း လန်ချားဖြင့် ဆရာတော် ဦးနန္ဒဝံသကျောင်းသို့သွားကြတော့၏။ **'ဆရာတော် ဦးနန္ဒဝံသ ဗာရာဏသီ'** ဟု ကျွန်ုပ်တို့ မှတ်သားလာခဲ့ပြီးသား ဖြစ်ကြသည်။ ရိုရှောခ တစ်စီး လေးပဲသာ ပေးရသည်။ ပတ္တနားမှ ဗာရာဏသီသို့ ၁၄၃ မိုင် ဝေးသည်။

ဆရာတော် ဦးနန္ဒဝံသကျောင်းသို့ ရောက်လျှင်ရောက်ချင်း ရေနွေးနှင့် သကြားခွေများကို တိုက်ကျွေးသဖြင့် သောက်ကြ၊ စားကြသည်။ အလွန် ချမ်းအေးသောအချိန်တွင် ရေနွေးပူပူ သောက်လိုက်ရခြင်းသည် အလွန် အရသာရှိလှသည်။ ခရီးပန်းကာ ဆာလောင်မွတ်သိပ်ခြင်း၊ ချမ်းအေးခြင်းတို့ကြောင့် သကြားခွေကို ဆက်ကာဆက်ကာ စားကြ၍ ရေနွေးကို ဆက်ကာဆက်ကာ သောက်နေကြသည်။

mgyoe.com

mgyoe.com


ဗုဒ္ဓဂယာမှစ၍ တဖြည်းဖြည်း နေရာတိုင်း အေး၍အေး၍လာသည်။ ရာသီမှာ ဆောင်းရာသီဖြစ်၍ နေ့ရက်မှာ ဖေဖော်ဝါရီလ ၁ရက် (တပို့တွဲလဆန်း ၂ ရက်) နေ့ည ဖြစ်တော့၏။

ဗာရာဏသီတွင် ကျောင်းဟောင်း၊ ကျောင်းသစ်ဟူ၍ မြန်မာဘုန်းတော်ကြီးများ ကျောင်းရှိသည့်အပြင် ဆာဦးသွင်၏ ဆောက်လုပ်ဆဲ ဓမ္မာရုံကျောင်းတစ်ကျောင်းလည်း ရှိသေးသည်။

နောက်တစ်နေ့တွင် ဗာရာဏသီမြို့ ဂင်္ဂါမြစ် ရေချိုးဆိပ်သို့ သွားရောက် ကြည့်ရှုကြသည်။ အပြန်တွင် ဈေးသို့ဝင်ရောက်ကြလျက် ခုတ်ပြီး၊ ထစ်ပြီး ငါးကြင်းသားများနှင့် သစ်သီး၊ သစ်ရွက် များကို ဝယ်ခြမ်းခဲ့ကြပြီးလျှင် ကျောင်းသို့ပြန်၍ ချက်ပြုတ်စားသောက်ကြသည်။

မြန်မာပြည်မှပါလာသော ငါးပိကြော်ကို ပင်တိုင်ထား၍ တစ်ခါတစ်ရံတွင် သားငါးများ ဝယ်ခြမ်းချက်ပြုတ်၍ စားကြကြောင်း၊ စားသောက်၍ အလွန်မြိန်ရှက်ကြောင်း၊ ခရီးပင်ပန်းကြောင်း၊ စုံစုံလင်လင်ရောက်ကြောင်း၊ ကျန်းကျန်းမာမာရှိကြောင်း၊ ပျော်ရွှင်ကြောင်း၊ ဆင်းရဲကြောင်းနှင့် သတိရကြောင်းတို့ကို စာရေး၍ ရန်ကုန် ဒေါ်ဟေမာရီထံသို့ ပေးလိုက်၏။ ၎င်းမှတစ်ဆင့် မန္တလေးမြို့ ရတနာပုံ သာသနာ့ရိပ်သာ ဆရာတော်များထံသို့ လည်းကောင်း၊ ဒါယကာ၊ ဒါယိကာမများထံသို့ လည်းကောင်း ပေးလိုက်၏။

၀

mgyoe.com

mgyoe.com

## ဗာရာဏသီမှ မိဂဒါဝုန်

နေ့လယ်တွင် ဗာရာဏသီမှ ခုနစ်မိုင်ခန့်ဝေးသော ဆရနတ်(သ်)ခေါ် မိဂဒါဝုန်တောသို့ တက္ကစီကားဖြင့်သွားကြသည်။ တရုတ်ဘုရားကျောင်း၊ ဘီလာသူဌေး ဆောက်လုပ်ထားသော တည်းခိုအိမ်၊ မူလဂန္ဓကုဋိဝိဟာ ဓမ္မရာဇိကပစတုပ အသောကကျောက်တိုင်၊ နန္ဒိယသူကြွယ်ကျောင်းတော်ရာ၊ ကုမာရဒေဝီ၏ ဓမ္မစကြာကျောင်းတော်ရာ၊ ဓမ္မစကြာစေတီတော်၊ ပြတိုက်နှင့် ပဉ္စဝဂ္ဂီငါးဦး ခရီးဦးကြိုရာ စေတီတော်တို့ကိုတွေ့ကြရသည်။

ပဉ္စဝဂ္ဂီငါးဦးအား တရားထူးဓမ္မစကြာ ဟောကြားတော်မူသောနေရာ ဤမိဂဒါဝုန်တောသို့ ရောက်ကြသောအခါ၌ ထူးထူးထွေထွေကြည့်ရှုဖူးမြော်စရာတွေ များပြားလှသောကြောင့် စိတ်ကြည်နူး၍ ပျော်မြူးစရာ ကောင်းလှတော့သည်။ ထိုအကြောင်းကို အောက်ပါ ၁၂ လုံးဖွဲ့ကဗျာတစ်ပုဒ်ဖြင့် သရုပ်ဆောင်ဦးအံ့။

**ငါးဦးတည့် ပဉ္စဝဂ်၊ ဓမ္မစက် ဟောကြားရာ။**
**မိဂဒါဝုန်ထိုတော၊ သာမောဖွယ်ရာဝနာ။**

mgyoe.com

mgyoe.com



**ဤနေရာဌာနသို့၊ ရောက်ကြရသောအခါ။**
**စိတ်ဘဝင် ကြည်နူး၍၊ ရွှင်မြူးကြပေတော့တာ။**



ဓမ္မစကြာ စေတီတော်

အထူးတစ်ခုမှာ ဓမ္မစကြာတရား ဟောကြားတော်မူနေပုံ ရုပ်ပွားတော်ကို ဖူးတွေ့ရခြင်းဖြစ်၏။ ထိုရုပ်ပွားတော်သည် ဘယ်ဘက် လက်ခလယ်ကိုထောင်၍ ညာဘက်လက်မနှင့် လက်ညှိုးက ကိုင်တော့မည့်ဟန် ပြုနေပုံဖြစ်သည်။ ထိုရုပ်ပွားတော်ကို ဖူးတွေ့ရသောအခါ ကျွန်ုပ်တို့ အိန္ဒိယသို့မလာခင် မဟာစည်ဆရာတော် ဘုရားက စကားစပ်မိ၍ **'ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ'** ဆိုတဲ့ ပါဠိအရ အယုတ်တရားနှစ်ပါးကိုပယ်ပြီး အလယ် မဇ္ဈိမလမ်းကို လိုက်ရမယ်လို့ ဟောနေပုံဖြစ်တယ်လို့ တချို့က ယူဆကြတယ်။ ဒါပေမဲ့ ကောဏ္ဍည စတဲ့ ပဉ္စဝဂ္ဂီငါးဦးဟာ ဒီလို လက်ချိုးပြရလောက်အောင် ဉာဏ်နည်းသူများ မဟုတ်ကြပါဘူး။ ဘာအဓိပ္ပာယ်နဲ့ ဒီပုံတော်ကို ထုတယ်လို့လည်း မသိဘူးဟု အမိန့်ရှိလိုက်ဖူးသည်ကို ပြေး၍ သတိရမိတော့၏။

ဤနေရာသို့ ဗာရာဏသီမြို့မှ ရထားဖြင့်လိုက်၍ ဆရနတ်(သ်)

mgyoe.com

mgyoe.com


ဘူတာကို ဆင်းပြီးလာလျှင်လည်း ရောက်နိုင်သည်။ စိတ်ကြည်နူးဖွယ်ရာ လွန်စွာ ကောင်းသောနေရာ ဖြစ်သည်။

ကျွန်ုပ်တို့သည် တစ်နေကုန်နီးပါး လိုက်လံ၍ ကြည့်ရှုဖူးမြော်ကြသည်။ ရခိုင်ဘုန်းတော်ကြီး ဦးကိတ္တိမကျောင်းလည်း အနီးအပါးတွင် ရှိသည်။ ထိုဘုန်းတော်ကြီးကျောင်း၌ တည်းခို၍ တစ်ရက်တန်သည်၊ နှစ်ရက်တန်သည် ကြည့်ရှုဖူးမြော်ဖို့ကောင်းသည်။

ဤနေရာနှင့် ပတ်သက်သော စာအုပ်၊ စာတမ်းများနှင့် ဓာတ်ပုံများကိုလည်း ဤနေရာဌာနၝပင် အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။

ဣသိပတန အမည်ရသော ဤမိဂဒါဝုန်တောမှ ဗာရာဏသီ တည်းခိုရာကျောင်းသို့ ညနေတွင် ပြန်ကြတော့သည်။ ရောက်လျှင် ရောက်ချင်းပင် မြေပုံကြီးကို သွားရောက်၍ ကြည့်ရှုကြသည်။ ၎င်းမြေပုံကြီးမှာ စကျင်ကျောက်မျိုးတွေကို စီခင်းလျက် ပြုလုပ်ထားသည်။ အထူးအဆန်းတစ်မျိုးဟု ခေါ်သင့်သည်။ ၎င်းမြေပုံကြီး၏ အနီး တစ်နေရာတွင် စားပွဲတစ်လုံးရှိသည်။ ဧည့်သည်တော်မှတ်တမ်းစာအုပ်နှင့် ကလောင်တံ၊ ၎င်းပြင် မင်အိုးလည်း ထိုစားပွဲပေါ်မှာ ရှိသည်။ ကျွန်ုပ်တို့တွင် တချို့က ဤနေရာသို့ မည်သည့်နေ့ရက်ကရောက်ကြောင်း စသည်ဖြင့် ဧည့်သည်မှတ်တမ်းကို ရေးကြသေးသည်။

မြေပုံကြီးမှ တစ်ဖန် ရေချိုးဆိပ်သို့ သွားရောက်ကြပြန်သည်။ တစ်ဦးလျှင် ပိုက်ဆံ သုံးပဲစီပေးကာ လှေစီးကြလျက် ဂင်္ဂါမြစ် ရေချိုးဆိပ်ကို ကြည့်ရှုကြသည်။ ဂင်္ဂါမြစ်၏ မြို့ဘက် ဆိပ်ကမ်းတစ်လျှောက်တွင် အကျအန လှေကားထစ်များဖြင့်ပြုလုပ်ထား၍ အဆောက်အအုံများပါ ဆောက်လုပ်ပြီးထားသော ရေချိုးဆိပ်ကြီးများကို တွေ့ကြရသည်။ ကျွန်ုပ်တို့သည် ထိုရေချိုးဆိပ်ကြီး တစ်လျှောက်လုံးကို ကြည့်ရှုကြပြီးနောက် ဂင်္ဂါမြစ်ကိုကူးဖြတ်ထားသော ခုနစ်ခုံးရှိသည့် တံတားကြီးကို ကြည့်ရှု

mgyoe.com